
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

# မျှားဂူ

# သတု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်ထွက်ရန် တံခါးပေါက်ကို ဖွင့်လိုက်သောအခါ လမ်းမပေါ်တွင် မိမိကိုယ်ကို ပျောက်ဆုံးနေသောလူများ ညဒဟို လှုပ်ရှားသွားလာနေကြခြင်းကိုအတိုင်းသားတွေ့မြင်ရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



## အခန်း (၁)

"ဘာလဲကွာ . . . ဝတ္ထုကလည်း ကြောင်တောင်တောင်နဲ့ အဓိပ္ပာယ်မရှိဘူး"

သူက ယခုပင် ဖတ်ပြီးသွားသော ဝတ္ထုစာအုပ်၏ နောက်ဆုံးစာမျက်နှာကိုကြည့်ကာ မြည်တွန်လိုက်ခြင်း ဖြစ်သည်။

"ဘာတွေ အဓိပ္ပာယ်မရှိရပြန်တာလဲ ကိုဦးရဲ့"

ဧည့်ခန်းထဲ ဝင်လာသော သူ့မိန်းမက သူ့မြည်တွန်သံကို တစ်စွန်းတစ်စ ကြားလိုက်ပုံရ၏။

"သြော် .... ဒီမယ်လေ ဝတ္ထုပေါ့ကွာ ... အလုပ်ပိတ်ရက်လေးနားနားနေနေ အပန်းပြေရအောင် ငှားဖတ်ပါတယ်"

"ငှားဖတ်တော့ ဘာဖြစ်လဲ .... ကိုဦးရဲ့ စကားကိုဆုံးအောင် ပြောမှပေါ့"



စကားမဆက်ဘဲ မျက်မှောင်ကြီးကြုတ်ကာ ငြိမ်နေသည့် သူ့ပုံစံကြောင့် သူ့မိန်းမက အားမလိုအားမရဖြစ်စွာ မေးသည်။

"နားမလည်လို့ဟေ့ .... နားမလည်လို့ဟာ ... ရှင်းပြီလား .... ဘာတဲ့ကွာ ... အိမ်အပြင်ထွက်ရန်"

ဟု အစချီကာ သူက စောစောက ဖတ်ပြီးသွားသည့် ဝတ္ထု၏ နောက်ဆုံးစာကြောင်းကို သူ့မိန်းမအား အသံထွက်ဖတ်ပြလိုက်သည်။

သူ့စာဖတ်သံဆုံးသွားတော့ သူ့မိန်းမ မျက်နှာက တွေးတွေးဆဆ ဖြစ်သွား၏။ လက်လံနိုင်သလောက် ကြိုးစားပြီး လိုက်စဉ်းစားနေပုံရသည်။ ခဏကြာတော့ ....

"အင်း ... တစ်မျိုးပဲနော် ... မိမိကိုယ်ကို ပျောက်ဆုံးနေသော လူများတဲ့ ... ခက်တာက သင်းပျံ့မှ ကိုဦးရဲ့ ဝတ္ထုကို အစအဆုံး မဖတ်ရသေးတာ ... အလွယ်တကူ ဘယ်နားလည်နိုင်ပါ့မလဲ"

သူ့မိန်းမနာမည်က သင်းပျံ့လှိုင်ဖြစ်ပြီး စကားပြောလျှင် ကိုယ့်ကိုယ်ကို သင်းပျံ့ဟု ထည့်,ထည့်ပြောတတ်သည်။

"အဲဒါဆိုလည်း ဒီမှာ ရော့ ...

သင်းပျံ့ဘာသာ ရှင်းအောင် အရင်ဖတ်လိုက် ဟုတ်ပြီလား ... ကိုယ်ကတော့ အပန်းမပြေတဲ့အပြင် ခေါင်းစားသွားပြီ ... ဓာတ်လမ်းက ဂြိုဟ်သားလိုလို ရောဂါပိုးလိုလိုနဲ့ ... ဘာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှန်းကို မသိဘူး''

ဝတ္ထုစာအုပ်ကို မိန်းမဖြစ်သူလက်ထဲထည့်ပေးကာ အိမ်အပြင်ဖက် သူထွက်လာခဲ့သည်။ သူ့မိန်းမ သင်းပျံ့လှိုင်ကတော့ ဝတ္ထု စာအုပ်ကို ကိုင်ရင်း ဆိုဖာဆက်တီပေါ်ထိုင်လျက် ကျန်ခဲ့၏။

◈ ◈ ◈ ◈

ရာသီဥတုကြည်လင်သော နေ့တစ်နေ့ဖြစ်သောကြောင့် အိမ်အပြင်ဖက်တွင် သာယာနေသည်။ သူက အိမ်ကအပြင်ဖက် ခြံဝန်းတစ်နေရာရှိ ပက်လက်ကုလားထိုင်တစ်လုံးဆီ လျှောက်သွားပြီး ထိုင်နေလိုက်သည်။

''ဟော့ ... မင်း အထိန်းအသိမ်းမတတ်လို့ မလောက်တာပေါ့ကွာ ... ငါ ရာရသမျှအကုန်အပ်နေတာပဲ''

''အို ... ရှင်ဘာမှ ကျွန်မကို အပြစ်တင်မနေနဲ့ ... ရှင့်အပ်တဲ့ငွေလေး နှစ်ပြားတစ်ပဲနဲ့ ကျွန်မ ဘယ်လိုလောက်မှာလဲ ကြည့်ပါဦး ရှင်မွေးထားတာ ဘယ်နှစ်ယောက်လဲ ... ငါးယောက်နော် ... ငါးယောက်''

သူ စိတ်ညစ်သွားသည်။

ဘေးအိမ်မှ မပြေလည်မှုများက သူ့နားထဲ စူးစူးလောင်လောင် ဝင်ရောက်လာ၏။ ပက်လက်ကုလားထိုင်ပေါ်ကနေ ပြန်ထချင်စိတ် ဖြစ်မိသွားသည်။



''နေစမ်းပါဦး ကလေးငါးယောက်က ငါ့ကလေးတွေရော ဟုတ်ရဲ့လား''

''ဘာရှင့် ... ရှင် မိုက်ရိုင်းလှချည်လား ... ကိုမျိုးမင်းမြတ် ... ရှင့်ပါးစပ်က ဒီစကားပြောထွက်တယ်နော် ... ရှင်နဲ့မရလို့ ကျွန်မက ဘယ်ဆိုက်ကားသမားနဲ့ သွားရ‚ ရမှာလဲ ကာလနာကြီးရဲ့''

သူ ပက်လက်ကုလားထိုင်ပေါ်မှ ထလိုက်သည်။

တစ်ဆက်တည်း အညိုဖျော့ဖျော့ တစ်ထပ်တိုက်သေးသေးလေးဖြစ်သည့် သူ့အိမ်သို့ စိတ်ပျက်လက်ပျက် အမူအရာဖြင့် သူ ပြန်ဝင်လာခဲ့သည်။

တကယ်တော့ သည်အိမ်က သူပိုင်သည့်အိမ်မဟုတ်။ လွန်ခဲ့သော တစ်နှစ်ခန့်ကမှ ငှားရမ်းပြောင်းရွှေ့နေထိုင်လာခဲ့ခြင်း ဖြစ်သည်။ သူနှင့် သူ့မိန်းမ သင်းပျံ့လှိုင်တို့ကလည်း လက်ထပ်ထားတာ မကြာသေး။ တစ်နှစ်ခွဲကျော်ရုံပဲ ရှိသေး၏။

အစကတော့ သည်အိမ်မှာ နေရထိုင်ရတာ သိပ်မဆိုးလှဟု ထင်မိသေးသည်။ နောက်တော့မှ ကျဉ်းမြောင်းသော ခြံဝန်းနှင့် အိမ်အနေအထားကြောင့် သူရော သူ့မိန်းမရော စိတ်ကျဉ်းကျပ်လာတော့၏။

တစ်အိမ်က လေလည်တာကို တစ်အိမ်က ကြားနေရသော အခြေအနေက ရှန်းထွက်ရန်အတွက် သူတို့လင်မယားနှစ်ယောက် အိမ်ကောင်းကောင်းတစ်လုံး လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာတော့ ပြည့်စုံလာလိမ့်မည် ထင်သည်။ အကြောင်းကတော့ ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်ယူရန် လုံလောက်သောငွေကြေး သူ့ဆီမှာ ရှိနေပြီဖြစ်သောကြောင့်ပင်။

❐ ❐ ❐

ဆောအိမ်မှ လင်မယားကတောက်ကဆ ဖြစ်သံများကြောင့် ကြည်လင်နေသော ရာသီဥတုမှာ နောက်ကျိသလို ဖြစ်သွားရသည်။ ဒါ့ကြောင့်လည်း သည်အိမ်ထက်ကောင်းသည့် နေရာတစ်ခုသို့ ပြောင်းရွှေ့ရန်ကိစ္စကို မြန်မြန်အကောင်အထည်ဖော်သင့်နေမှန်း သူသတိရမိလိုက်သည်။

"ဦးကြည် ... သား မလကာသီးစားချင်လို့ ... မနေ့က အိမ်ရှေ့ကအပင်မှာ သားမလကာသီးတွေ တွေ့တယ်"

ရေခဲသေတ္တာထဲကနေ ရေတစ်ဗူးထုတ်နေတုန်း သူ့ဆောနားသို့ တူလေးချာချာရောက်လာကာ ပူဆာခြင်း ဖြစ်သည်။

တူလေးချာချာမှာ အခုဆို အသက် ခုနစ်နှစ်ရှိပြီဖြစ်ပြီး သူ့မိန်းမဖက်မှ တော်စပ်သော တူတော်မောင်လည်း ဖြစ်သည်။ နာမည်နှင့်လိုက်အောင် သွက်လက်ချက်ချာ၏။

"အေး ... အေး ... ဦးကြည်က ခုပဲ သွားခူးပေးမယ်နော်"

သူ အိမ်အပြင်ကို တစ်ခေါက်ထပ်ထွက်လာရပြန်၏။ ချာချာက သူ့လက်ကို ဆွဲရင်း လိုက်လာကာ 'မနေ့ကတည်းက သားစားချင်နေတာ ဦးကြည်ရ' ဟု ပြော၏။

ကလေးမရှိသေးသော သူတို့အိမ်ထောင်ရေးတွင် တူကလေးချာချာက သားသမီးလို ဖြစ်နေသည်။



ချာချာကိုယ်တိုင်ကလည်း သူတို့နှင့်ဆိုလျှင် ပျော်သည်။ ကျောင်းပိတ်ရက်တိုင်းမှာ အိမ်ကို ရောက်လာတတ်ပြီး သူ့အခေါ်သင်းပုံ့လှိုင်နားတကပ်ကပ် ရှိနေတတ်၏။

သူ့မိန်းမ သင်းပုံ့လှိုင်၏ အမ ဖွဲ့မက်လှိုင်မှာ သားသမီး သုံးယောက်ရှိကာ ထိုအထဲတွင် ချာချာက သားအလတ် ဖြစ်လေသည်။

မာလကာပင်အောက်ရောက်တော့ မလကာသီးတွေ ပြွတ်နေကာ မြင်ရ၏။ သူ့အိမ်ရှေ့ဘက်ရှိ အိမ်ခြံမြေမှာ သိပ်ကျယ်လှသည် မဟုတ်သော်လည်း ရသလောက်တော့ ပိုင်ရှင်ဖြစ်သူက စိုက်ပျိုးထားခဲ့ပါသည်။

"သားချာချာ ... ဦးကြည် ခြွေချတဲ့ အသီးတွေ လိုက်ကောက်နော်"

သူက အိမ်နံရံတစ်နေရာမှာ အသင့်ထောင်ထားသော သံချိတ်ပါသည့် ဝါးလုံးတစ်ချောင်းကို ဆွဲယူကာ မှည့်နေသော မလကာသီး သုံးလေးလုံးလောက်ကို ထိုးခြွေချပေးလိုက်ရာ ချာချာက အောက်မှ လိုက်ကောက်စဉ် ...

"အား ... သားခေါင်းပေါ် မလကာသီးကြီး ပြုတ်ကျတယ်"

"ဟား ... ဟား ... ဟား ... ဟား"

ကြွေပြီးသား မလကာသီးတစ်လုံးကို လိုက်ကောက်နေတုန်း ချာချာခေါင်းပေါ် အရွယ်နည်းနည်းကြီးသည့် မလကာသီးမှည့်တစ်လုံး

www.burmeseclassic.com



က တည့်တည့်ပြုတ်ကျသောကြောင့် သူမှာ ရယ်မိသေးသည်။

ယခုမှပင် စောစောပိုင်းက အနည်းငယ်တင်းကြပ်ခဲ့သော သူ့စိတ်များ ကြည်စင်လာသလို ခံစားလာရ၏။

"ကဲ ... ဟို တူဝရီးနှစ်ယောက် ... ဒါပြီးရင် အိမ်ထဲမှာ ကော်ဖီလာသောက်ကြ ... သင်းပုံ့ကော်ဖီဖျော်ထားတယ်"

သူ့မိန်းမသင်းပျံ့လှိုင်က အိမ်တံခါးဝမှ လှမ်းအော်သည်။

မလကာပင်ပေါ်မှာ နောက်ဆုံးကျန်ရှိနေသော မလကာသီးမှည့်တစ်လုံးကို သူထိုးခြွေချလိုက်၏။

မလကာသီးမှည့်များကို လိုက်ကောက်ရင်း ချာချာမှာ ပျော်မြူးနေလေသည်။

❖ ❖ ❖ ❖



အခန်း (၂)

သည်နေ့ ...

ခါတိုင်းထက်စောပြီး ရုံးကို သူရောက်နေသည်။

တမင်တကာ စော၍လာတာမျိုးမဟုတ်ဘဲ လမ်းခရီးအဆင်ချောသဖြင့် အချိန်နည်းနည်းစောသွားတာ ဖြစ်သည်။ သူ့လို လိုင်းကားစီးပြီး ရုံးတက်ရသူတိုင်း ဒါမျိုး မကြာခဏ ဖြစ်ဖူးပါလိမ့်မည်။

ယာဉ်ကြောပိတ်ဆို့ခြင်းမရှိလျှင် ဒါမှမဟုတ် လိုင်းကားတစ်စီးနှင့်တစ်စီး သူနိုင်ကိုယ်နိုင် အပြိုင်မောင်းကြလျှင် သူရုံးကို စောစောရောက်တတ်၏။

သည်နေ့ သူရုံးကို စောစောရောက်ရခြင်းက ယာဉ်ကြောရှင်းလင်းသဖြင့် အေးအေးသက်သာရောက်လာရခြင်းပင်။

"ကိုကြည်သာဦး ဒီနေ့ စောတယ်နော်"

"ဟုတ်တယ် လမ်းမှာ ယာဉ်ကြောရှင်းလို့လေ"

ရုံးပေါ်တက်သော လှေကားတွင် Marketing ဌာနမှ မိန်းကလေးတစ်သိုက်နှင့် သူဆုံသည်။ ကုမ္ပဏီရုံးခန်းဆီ အတူတူတက်

www.burmeseclassic.com



ကြရင်း …

"ဘယ်လိုလဲ ကိုကြည်သာဦးကြီး ကလေးအဖေ ဘယ်တော့ဖြစ်မှာလဲ"

နှင်းနှင်းဆိုသော မိန်းကလေးက သူ့ကို စသလို နောက်သလို လှမ်းမေးသည်။ တစ်ဆက်တည်း ချိုမာကလည်း …

"ဟုတ်တယ်နော် … ကိုကြည်သာဦး ဒီကုမ္ပဏီက အိမ်ထောင်သည်တိုင်း ကလေးရှိကြတယ် ကိုကြည်သာဦးကြီးသာ မစွမ်းသေးတာ"

ဟု ပြောပြန်ရာ ကျန်မိန်းကလေးတွေက ပြုံးစိပြုံးစိဖြင့် သူ့ကို ဝိုင်းကြည့်ကြသည်။

သူ ဘာပြန်ပြောရမှန်း မသိဖြစ်ကာ ခဏကြာမှ …

"ဟဲ့ … ကလေးဆိုတာ လုပ်တိုင်း ဖြစ်တယ်ထင်နေလို့လား … စီးပွားရေးနဲ့ …"

"အို … ကိုကြည်သာဦးကြီးက ဘာတွေ ပြန်ပြောမှန်းလည်း မသိဘူး ဒီက အကုန်လုံး အပျိုလေးတွေပါနော်"

သူ့စကားပင် ဆုံးအောင် မပြောလိုက်ရခင် မိန်းကလေးအားလုံး ကုမ္ပဏီရုံးခန်းတံခါးမှ အထဲသို့ သုတ်ခြေတင် ဝင်ရောက်သွားကြလေတော့၏။

သူ့မှာသာ …

"ဟာ … ငါက အဲဒီလို ပြောတာမဟုတ် … ဟုတ် … အာ ဒီကောင်မလေးတွေ"

ကုမ္ပဏီရုံးခန်းထဲရောက်တော့ သူ့ အလုပ်စားပွဲမှာ ထိုင်လိုက်ရင်း စောစောက အဖြစ်အပျက်ကို ဘာရယ်မဟုတ် သူပြန်တွေးဖြစ်သွားသည်။

ရင်သွေးတဲ့လား။

ကိုယ်ပိုင်အိမ်တစ်လုံးနှင့် မနေနိုင်သေးသော အချိန်မို့ သူရော သူ့မိန်းမရော ကလေးယူဖို့ မစဉ်းစားနိုင်ခဲ့။

သို့သော် သိပ်မကြာခင် ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်နိုင်လာတော့မှာဆိုတော့ ကလေးယူဖို့ကိစ္စ စဉ်းစားရတော့မည်။

အတွေးနှင့်တင် သူပျော်ရွှင်သွားမိသည်။

ထိုပျော်ရွှင်မှုကြောင့်ပဲ သူ ပြုံးလိုက်မိ၏။

"ဘာတွေကြောင့်များ တစ်ယောက်တည်း ပြုံးနေရတာလဲ ကိုကြည်သာဦးရဲ့"

ရုတ်တရက် ပေါ်ထွက်လာသော ဦးမြမောင်၏အသံကြောင့် သူအနည်းငယ် ရင်ထိတ်သွားသည်။ သူခိုးလူမိသလို ခံစားချက်ကလည်း သူ့ကို နည်းနည်းရှက်သွားစေခဲ့၏။

"ဘာမှ မဟုတ်လုပါဘူး ဦးမြမောင်ရယ်"

"ဘာလို့ ဘာမှမဟုတ်ရမှာလဲဗျာ … ကိုကြည်သာဦး ဒီလောက် ပြုံးပျော်နေတာ အကြောင်းထူးတော့ ရှိကိုရှိရမယ် … လုပ်စမ်းပါ … ကုမ္ပဏီရောက်ရောက်ချင်း

www.burmeseclassic.com



ဝမ်းသာစကားကြားရတာပေါ့ဗျာ''

ဦးမြမောင်က လက်ဆွဲအိတ်ကို နေရာမှာ ချလိုက်ပြီး သူ့ဖက်လှည့်ကာ အားတက်သရော မေး၏။

သူက ချက်ချင်းကြီးမို့ ဘယ်ကစပြောရမယ်မသိဘဲ ဖင်ကုတ် ခေါင်းကုတ် လုပ်ကာနေမိသည်။

ပြန်တွေးကြည့်လျှင် သူနှင့် ဦးမြမောင်ကြားမှာ ဘာလှို့ဝှက်ချက်ကြီး ကြီးကြီးမားမားမှ မရှိ။

SEVEN STAR လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေး ဆကုမ္ပဏီကြီးလက်အောက်မှ ကုမ္ပဏီရုံးခွဲတစ် ခုတွင် သူနှင့်ဦးမြမောင်က Account ဌာနတစ်ခုမှာ ဝင်ရောက်လုပ်ကိုင်ကြသူများဖြစ်ပြီး ဦးမြမောင်က သူ့အထက် မန်နေဂျာနေရာတွင်ရှိကာ သူကတော့ လက်ထောက်မန်နေဂျာတာဝန်ယူထားရ၏။

''ဝမ်းသာစကားကြားချင်တယ်ဆိုရင်တော့လည်း ပြောပြရတာပေါ့ဗျာ...''

ဦးမြမောင်က သူပြောပြတာကို စိတ်ဝင်တစား နားထောင်သည်။

''ဒီလိုဗျ ... ကျွန်တော် အိမ်ထောင်ပြုတော့ နှစ်ဖက်မိဘတွေက ဝိုင်းဝန်းကျေးဇူးပြုထားကြတဲ့ ငွေကြေးနည်းနည်းရှိတယ်ဆိုပါတော့''

''အင်း ... ဟုတ်ပြီ''



သူ့စကားကို ဦးမြမောင်က နားလည်ကြောင်း ခေါင်းညိတ်၏။

''ဒါပေမယ့် အဲဒီငွေကြေးက အိုးပိုင်အိမ်ပိုင် တည်ထောင်ဖို့ မလုံလောက်တော့ ကျွန်တော်တို့ လင်မယားနှစ်ယောက် ဘဝရေးကို အိမ်ငှားနဲ့ပဲ စခဲ့ကြရတယ်''

သူက စကားကို ခဏရပ်ကာ ဦးမြမောင်ကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ ...

''အိုးပိုင်အိမ်ပိုင်နေနိုင်မှ ကလေးယူဖို့ ဆုံးဖြတ်ထားကြတော့ ကလေးလည်း မယူခဲ့ဘူးလေ ... ဒီကြားထဲ မိန်းမကလည်း ရပ်ကွက်ထဲမှာ အရောင်းအဝယ်လေးလုပ် ကျွန်တော်ကလည်း ဒီကုမ္ပဏီက ရတဲ့လခလေးကို ချွေတာဆိုတော့ ခုဆို အိုးပိုင်အိမ်ပိုင်နေနိုင်ဖို့က ရှိပြီးသား ငွေကြေးနဲ့ ထပ်စုဆောင်းထားတဲ့ ငွေကြေးက လုံလောက်လာလို့ ကျွန်တော်တစ်ယောက်တည်း ပျော်မိပြီး ပြုံးဖြစ်သွားတာပဲဗျို့''

သူ့ပြောစကားအဆုံး ဦးမြမောင်က ''သြော် ဒီလိုကိုး''ဟု ရေရွတ်ရင်း သဘောတကျဖြစ်ကာ...

''ကိုယ်ထင်တာ မမှားဘူးဆိုရင် မောင်ရင်က အိုးပိုင်အိမ်ပိုင်နေရမှာထက် ကလေးရမှာကို ပိုပျော်နေတာ မဟုတ်လား'' ဆိုပြီး မင်းသားကြီး ကောလိပ်ဂျင်နေဝင်းလေသံဖြင့် ပြောပြန်ရာ သူကလည်း အားကျမခံ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ … ဟဲ … ဒါကတော့ သဲလွန်စတွေက ပီပြင်နေမှ တော့ အမှုက ဗူးပေါ်သလို ပေါ်ပြီပေါ့ဗျာ"

ဟု စုံထောက်ကြီး ဦးစံရှားလေသံမျိုး ပြန်ပြောလိုက်လေတော့ ၏။

◆ ◆ ◆



အခန်း (၃)

အရင်းနှီးဆုံးသူငယ်ချင်းများကိုသာ ဖိတ်ကြားပြီး အကျဉ်းရုံး ကျင်းပသည်ဆိုသော်လည်း ပပမိုးမြင့်၏ မွေးနေ့ပွဲလေးမှာ အတော် အသင့်စည်ကားသော မွေးနေ့ပွဲလေး ဖြစ်နေသည်။

သူတို့လင်မယားနှစ်ယောက် ရောက်ရှိသွားချိန်တွင် ပပမိုးမြင့် က လှပလွန်းသော ရောင်စုံမွေးနေ့ကိတ်ဝိုင်းကြီးပေါ် အဖြူရောင် ဖယောင်းတိုင်သေးသေးလေးများ စတင်စိုက်သွင်းနေတာ မြင်ရ၏။

"ဟော … သင်းပုံ့နဲ့ကိုဦး အခုမှ ရောက်လာကြတာလား … တော်သေးတယ် … နည်းနည်းလောက်နောက်ကျရင် ကိတ်မုန့်စားရတော့မှာ မဟုတ်ဘူး"

ပပမိုးမြင့် ဖယောင်းတိုင်လေးတွေကို ကိတ်မုန့်အသားထဲ ခပ်ဖွဖွ ထိုးစိုက်နေရင်းတန်းလန်းကနေ မော့ကြည့်ရင်း လှမ်းပြော ၏။

"အေးဟယ် … အိမ်ကတော့ စောစောထွက်လာခဲ့တာပဲ တက္ကစီငှားဖို့ စောင့်တာမှာ နည်းနည်း ကြာသွားတာ …

www.burmeseclassic.com

www.burmeseclassic.com



ရော့ ··· ဒီမှာ Birthday Present ... Happy Birthday ပါ ပပ''

သင်းပုံ့လှိုင်က ပြောပြောဆိုဆို အသင့်ယူလာသော မွေးနေ့လက်ဆောင်ထုပ်ကလေးအား ပပမိုးမြင့်ထံ ကမ်းပေးလိုက်သည်။

ပပမိုးမြင့်က ပြုံးလျက် လှမ်းယူရင်း ···

''နင်တို့ လင်မယားနှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်ဟာ''

သူကလည်း ပြန်ပြုံးပြကာ ပြောလိုက်၏။

''Happy Birthday ပါပပ''

ပပမိုးမြင့်က ''Thank you ကိုဦး'' လို့ ပြန်ပြောကာ ဖယောင်းတိုင်လေးတွေကို ကိတ်မုန့်ပေါ် ပြန်ထိုးစိုက်နေသည်။

သူနှင့် ပပမိုးမြင့်က စီးပွားရေးတက္ကသိုလ်တက်တော့မှ အတန်းဖော်အဖြစ် ခင်မင်မိခဲ့ကြတာဖြစ်ပြီး သူ့မိန်းမ သင်းပုံ့လှိုင်နှင့်ကတော့ အထက်တန်းမှာကတည်းကပင် သိကျွမ်းခင်မင်ပြီးသား သူငယ်ချင်းများဖြစ်ကြ၏။

စင်စစ် ပပမိုးပြင့်သည် သင်းပုံ့လှိုင်နှင့် သူငယ်ချင်းအရင်းခေါက်ခေါက်ဖြစ်၍ သူ့အနေနှင့်တော့ သာမန်အတန်းဖော်မျှသာ။

မည်သို့ပင်ဖြစ်စေ ပပမိုးမြင့်၏ မွေးနေ့ပွဲလေးကို အကြောင်းပြုပြီး ကျောင်းတုန်းက သူငယ်ချင်းများနှင့် ပြန်ဆုံရသည်ကတော့ ပျော်ရွှင်ကြည်နူးစရာ။



''ဟော့ကောင် ··· ကြည့်သာဦး''

''ဟာ ··· ဟော့ကောင် ··· ခင်ဖွေး''

ကျောင်းတုန်းက နာမည်နှင့်မလိုက်ဖက်အောင် ရုပ်ဆိုးသောကြောင့် ''ချေးဖင်''ဟု နောက်ပြောင်ခေါ်ခဲ့ကြသော ခင်ဖွေးမှာ အခုအခါ နာမည်နှင့်လိုက်ဖက်သည့် ရုပ်ရည်ဥပဓိမျိုး ပိုင်ဆိုင်နေလေပြီ။

သည်ကောင့်နာမည်အရင်းက လှမျိုးသော်။

''မင့်မိန်းမ သင်းပုံ့လှိုင်ရော''

ခင်ဖွေး (ခ) လှမျိုးသော်က ဟိုဟိုဒီဒီကြည့်ရင်း သူ့ကို မေး၏။

''ပါတယ်ကွ ··· ဟိုမှာလေ ··· အစားအစာတွေ သွားစီမံနေတယ်''

သူမေးငေါ့ပြရာဆီကို ခင်ဖွေး တစ်ချက် လှမ်းကြည့်လိုက်ကာ···

''ဟုတ်လား ··· အဲဒါဆို ထားလိုက်ကွာ ··· သူတို့ကအစားဆိုတော့ ငါတို့က အသောက်ပေါ့ ··· လာကွာ''

ခင်ဖွေးဆွဲခေါ်ရာနောက် သူယက်ကန်ယက်ကန် ပါသွားသည်။

''ဟော့ကောင်တွေ ဒီမှာ ဘယ်သူလဲ ကြည့်ကြစမ်း''

ရုံးစု ရုံးစုဖြစ်နေသော လူအုပ်က သူနှင့်ခင်ဖွေးကို လှည့်ကြည့် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကြည်သာဦး"

"ဟော့ကောင်ကြီး ... မင်းပျောက်ချက်သားကောင်းလှချည်လား"

"မင်းကြည့်ရတာ ဝလာသလိုပဲ"

သူ့ကိုမြင်တော့ တစ်ယောက်တစ်ပေါက် ဝိုင်းနှုတ်ဆက်ကြသည်။ သူကလည်း 'အော်' 'အင်း' 'ဟုတ်တယ်' 'နေကောင်းလား' 'မတွေ့တာ ကြာပြီနော်' 'ဟိုတလောကပဲ သတိရနေတာ' စသဖြင့် အလိုက်အထိုက် ပြန်နှုတ်ဆက်ရသည်။

"ရော့ ... First cup ဆိုတော့ နည်းနည်းတော့ ပြင်းလိမ့်မယ်"

စုတ်ဖွား ခေါ် ဝင်းသူရလွင်က သူ့ကို အသင့်ရောစပ်ပြီးသား ယာမကာတစ်ခွက် လှမ်းပေးသည်။

"Thank you စုတ်ဖွား"

ခွက်ကို လှမ်းယူလိုက်ကာ တစ်ငုံသောက်ကြည့်လိုက်၏။ အား ... ဝီစကီပဲ။ သူ့အာရုံကြောတွေ ဖြန်းခနဲ စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။ ဗဲရီးဂွပ်။

"ဘယ်လိုလဲ ကောင်းသွားပြီလား"

စုတ်ဖွား (ခ) ဝင်းသူရလွင်က

ရုပ်မြင်သံကြားမှာ မကြာခဏလာတတ်သော ဒီကိုလ်ဂျင် ကြော်ငြာထဲမှ နေတိုးအိုက်တင်ဖြင့် သူ့ကို လှမ်းမေးသည်။



ဒါပေမယ့် စုတ်ဖွားက စုတ်ဖွားပဲ ဖြစ်သည်။ ဘယ်တော့မှ နေတိုးဖြစ်မလာနိုင်။ ဖွာလန်ကျဲနေသည့် ဆံပင်စုတ်ဖွာဖွာကို စပရိန် ဘီးကုတ်နှင့် နောက်ပြန်သိမ်းထားသောကြောင့် အတန်ငယ်မည်းပြီး အတန်ငယ်ပြဲသော မျက်နှာပေါ်မှ အတန်ငယ်များသော ဝက်ခြံအုပ်စုတစ်ချို့ကို အတိုင်းသားမြင်နေရသည်မှာ စုတ်ဖွား (ခ) ဝင်းသူရလွင်၏ နဂိုနေမျက်နှာပင်။

"ရှယ်ပဲ"

လက်ထဲက ယမကာခွက်ကို စပြရင်း စုတ်ဖွားကို သူ ပြန်ပြောဖြစ်၏။

ထိုအခိုက် ...

"ဟော့ကောင်တွေ လာကြဟေ့
ဒီမှာ ပပမိုးမြင့် မှတ်တော့မယ်ကွ မှတ်တော့မယ်"

ဝမ်းသာအားရဖြစ်ကာ ဗလုံးဗထွေးအော်သံကြောင့် သူတို့အားလုံး လှည့်ကြည့်လိုက်တော့ ဗိုက်ပူမ ခေါ် စန်းမွန်အောင်။

"ဘာလဲကွ ... ပပမိုးမြင့်က ဘာမှတ်မှာလဲ"

"အေးလေကွာ ... ဘာလဲ"

ခင်ဖွေးနှင့် စုတ်ဖွားတို့၏ အမေးစကားကြားမှ...

"အာ ... ဘာမှ မမှတ်ပါဘူး ... ဟို ... ဟို မွေးနေ့ဖယောင်းတိုင် မှတ်တော့မယ်လို့ လာပြောတာ"

ဗိုက်ပူမ (ခ) စန်းမွန်အောင်က ညာဖက်လက်တွင် ယမကာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ကိုင်လျက် ဘယ်ဖက်လက်ကလည်း အသားကင်တစ်ချောင်းကိုင်လျက် ရောက်လာပြီး ပြောသည်။

"ဟောကောင် … မင်း အဲဒီအသားကင် ဘယ်က ရတာလဲ"

အသားကင်ကိုမြင်တော့ စုတ်ဖွားမျက်လုံးတွေ အရောင်လက်သွားကာ ဗိုက်ပူမကို လှမ်းမေးသည်။

"ဟဲ … ဟဲ ဒါက ဒီလိုရှိတယ်ကွ … စုတ်ဖွားရ … ဘယ်လိုပြောရမလဲဆိုတော့"

"ဘယ်လိုမှ မပြောနဲ့ … ဗိုက်ပူမ … မင်းမိန်းမ သီရိ ဆီကနေ ခိုးလာတာ မဟုတ်လား"

တစ်ချိန်လုံးငြိမ်နေသော တရုတ်စုတ် ခေါ် ကျော်မျိုးခိုင်က ဝင်ပြောသည်။

လေးကြိမ်မြောက် သဘော်လိုက်ရာမှ ပြန်ရောက်တာ မကြာသေးသော အောင်မင်းကျော်ကလည်း ငြိမ်မနေတော့…

"အေးလေ … ဒီကောင်ပျောက်သွားပါတယ်လို့ စောစောကပဲ ငါတွေးနေတာ … ဒီကောင်က အစားအသောက် ခွင်သွားဖန်တာပဲ"

"တော်ပါပြီ … မင်းတို့လည်း စားရတော့မှာပါ … ဟိုမှာ လူစုံရင် အစားအသောက် အကုန်ချကျွေးလိမ့်မယ်"

ဗိုက်ပူမက အပြစ်တင်သံတွေ ပြီးဆုံးသွားအောင် လာရင်း



ကိစ္စကို ပြန်ဆက်သည်။

"နေပါဦး … ပပမိုးမြင့်က ဘာမှတ်မှာလဲ"

အရေးထဲ ခင်မွေးက အတွန့်တက်သေးသည်။

"မင်း အမေ့လင် မွေးနေ့ဖယောင်းတိုင်ကို မှုတ်မှာဟေ့ … မှုတ်မှာ"

"ဟား … ဟား … ဟား"

ဗိုက်ပူမ၏ ဒေါသအဖြေကြောင့် သူတို့အားလုံး ရယ်မောမိကြ၏။

သည်အဖြစ်ကိုသာ နှုတ်ခမ်းတပြင်ပြင်နှင့် သူတို့ကို စောင့်မျှော်နေသော အပျိုဟိုင်းကြီး ပပမိုးမြင့်သာသိလျှင် ဘယ်လောက်ကျိန်ဆဲလိုက်မည်မသိ။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မနေ့ညက မွေးနေ့ပွဲတွင် နည်းနည်းများသွားသောကြောင့် သည်မနက် သူအိပ်ယာနိုးသောအခါ ဦးခေါင်းတစ်ခုလုံး နောက်ကျိ ညစ်ကျုနေ၏။

မျက်နှာသစ်ရန် ရေချိုးခန်းဆီ တန်းမသွားနိုင်သေးဘဲ ဧည့်ခန်းထဲက ဆိုဖာဆက်တီပေါ်မှာ ဝေဝါးတုန်ခါနေသော အမြင်အာရုံကို အထိုက်အလျောက် ကြည်လင်လာအောင် အသာထိုင်ပြီး အားယူရသေးသည်။

"ရှီး ... ကျွတ် ... ကျွတ်"

မျက်ရိုးတစ်လျှောက် ဘယ်ဖက်လက်မဖြင့် ပွတ်ဆွဲရင်း သူ စုတ်သတ်နေခိုက်....

"ကိုဦးရေ ... တစ်ခါတည်း ရေချိုးလိုက်နော် ... ပြီးရင်



မနက်စာစားမယ် ... သင်းပျံ့က ကိုဦးကို စောင့်နေတာ ... ဒီမှာ အားလုံးပြင်ဆင်ပြီးပြီ ... အခု ကိုဦးဖို့ ဘလက်(ခ်)တစ်ခွက် ထူးရှယ်ဖျော်ပေးမလို့"

သူ့မိန်းမအသံက မီးဖိုချောင်ထဲမှ ထွက်လာသည်။

"အေး ... အေး ... ခဏလေး ကိုယ်အားယူနေလို့ ချစ်ရေ"

သူ ပြန်အော်လိုက်တော့ ချက်ချင်းပင် ...

"ဘာခုမှ ချစ်ရေလဲ ... ဒါပဲနော် ... ရေချိုးရမယ်ကြားလား ... ကိုရေကြောက်ကြီး"

"အေး ... ချိုးမယ် ... ချိုးမယ် ... ခဏလေးဟ"

အိမ်လေးက ပြန်လည်တိတ်ဆိတ်သွားသည်။

ခဏကြာတော့မှ သူ့မိန်းမ ဘလက်(ခ်)ကော်ဖီဖျော်နေသံကို သူသဲ့သဲ့ကြားလိုက်ရသည်။

"ဂလောက် ... ဂလက် ... ဂလောက် ... ဂလက်"

◈ ◈ ◈ ◈

ရေကို တစ်ဝကြီး ချိုးလိုက်ရတာကြောင့်ပဲလား။ (ဒါမှမဟုတ်) ခါတိုင်းထက် အိပ်ချိန်အနည်းငယ် ပိုသွားလို့ပဲလား။ (ဒါမှမဟုတ်) သူ့မိန်းမ သင်းပျံ့လှိုင် စေတနာအပြည့်ထည့်ဖျော်ပေးသော ဘလက်(ခ)ကော်ဖီ၏ အစွမ်းထက်မှုကြောင့်ပဲလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းကြောင့်မှန်း မသေချာပေမယ့် မနက်စာစားပြီး ချိန်မှာတော့ သူတော်တော်ကလေး နေလို့ထိုင်လို့ ကောင်းသွားတာ အမှန်ပင်။

"ဒီနေ့တော့ ကိုဦး ရုံးနောက်ကျသွားပြီ"

စားသောက်ပြီးစီးသွားသော ပန်းကန်ခွက်ယောက်များကို ရှင်းလင်းနေရင်းတန်းလန်း သူ့မိန်းမ ပြောလိုက်တာ ဖြစ်သည်။

"ရပါတယ် ... ဒီနေ့ရုံးမှာ အရေးကြီးတဲ့ အလုပ်မရှိဘူး ... အေးအေးဆေးဆေးပါပဲ သင်းပုံ့ရဲ့"

"အဲဒါဆိုရင်လည်း ဒီနေ့ရုံးမသွားပါနဲ့လား ကိုဦးရယ် ... ခဏနေ မမ စွဲမက်လှိုင်လည်း အိမ်ကို လာလည်ရင် တွေ့ရတာပေါ့"

"အာ ... ရုံးက မသွားလို့တော့ မဖြစ်ဘူး သင်းပုံ့ရဲ့ ... မမစွဲမက်လှိုင်လာရင်သာ ပြောလိုက်ပါ ကိုယ်က နှုတ်ဆက်တယ်လို့"

"ပြီးရော ... ပြီးရော"

သူ့မိန်းမ မကြည်မလင်ဖြစ်သွားမှန်း သိလိုက်သော်လည်း သူဘာမှ နောက်ထပ် စကားမဆက်ဖြစ်။

ရုံးသွားရန်အတွက် လိုအပ်သည့် ပစ္စည်းပစ္စယများ ပြင်ဆင်ရန် သူထွက်လာစဉ်တွင် သူ့မိန်းမ၏ မကျေနပ်သည့် သဘောဆောင်သော ပန်းကန်ခွက်ယောက်ဆေးကြောသံများကို လိုအပ်သည်ထက်



ကျယ်လောင်စွာ ကြားလိုက်ရသေးသည်။

"ဂလုံး....ကလောင်....ဂလုံး...ဂလောင်"

❁ ❁ ❁ ❁

မနေ့ညက မွေးနေ့ပွဲမှာ နည်းနည်းများသွားသည်ဆိုပေမယ့် ကျန်းမာရေးထိခိုက်လောက်အောင်ထိတော့ မဟုတ်ခဲ့။

ပုံမှန်လစ်မစ်ထက် နည်းနည်းပိုသွားရုံသာပဲ ဖြစ်သည်။

ရုံးသွားဖို့ အိမ်အပြင်ဖက်ကို ခြေချလိုက်သည်နှင့် သာမန်ထက် ထူးခြားသော မနက်ခင်းတစ်ခုက သူ့အာရုံကို စတင်ဆွဲဆောင်သည်။

တခြားမဟုတ်။

အများတကာနှင့် မတူညီသော သူ့အာရုံပြောင်းလဲမှုပင် ဖြစ်သည်။

ပုံမှန်လစ်မစ်ထက် အယ်ကိုဟော(လ်) ပမာဏ နည်းနည်းပါးပါး ပိုမိုသုံးစွဲအိပ်စက်သွားပြီး နောက်တစ်နေ့ နိုးထချိန်ရောက်တိုင်း တွေ့ထိခွင့်ရသည့် နံနက်ခင်းများသည် သူ့အာရုံထဲတွင် သာမန်ထက် ထူးခြားနေတတ်တာ အကျင့်တစ်ခုလို ဖြစ်နေ၏။

အရမ်းကြီး လှပ်လှပ်ခါခါဖြစ်အောင် ထူးခြားနေသည့် နံနက်ခင်းမျိုးတော့လည်း မဟုတ်။

ကာလကြာရှည်စွာ အပြစ်တွေ ပေးဆပ်ပြီးသွားသော အပြစ်သားတစ်ယောက်၏ အပြစ်တွေ ကြေပျက်အဆုံးသတ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ပထမ ဆုံးကြုံရသည့် နံနက်ခင်းတစ်ခုလို သူ့အမိပွာယ်နှင့်သူ ထူးခြားနေတာ မျိုးဖြစ်၏။

"ကိုဦး ... တာ့တာ"

"တာ့တာ ... သင်းပျံ့"

ခြံဝမှာ လက်ပြရင်း ကျန်ခဲ့သည့် သူ့မိန်းမကို လက်ပြန်ပြကာ သူလှည့်ထွက်လာခဲ့သည်။

သူနေထိုင်ရာ ရပ်ကွက်ကလေးသည် အတော်အသင့် စည်ကားသော ရပ်ကွက်တစ်ခုဖြစ်နေသဖြင့် သူ့အိမ်မှ ကားမှတ်တိုင်သို့သွားရာ လမ်းတစ်လျှောက်တွင် လူပြတ်သည်ဟူ၍ သိပ်မရှိတတ်။

ထို့အပြင် သူ့အိမ်မှ ကားမှတ်တိုင်သို့သွားရာ လမ်းပေါ်တွင် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်၊ စက်ဘီးပြင်ဆိုင်တစ်ဆိုင်၊ ထမင်းဆိုင်တစ်ဆိုင်နှင့် အပ်ချုပ်ဆိုင်တစ်ဆိုင်တို့ အမြဲလိုလို ဖွင့်ထားတတ်တာ တွေ့နိုင်သေး၏။

"ဟော့လူ ... အခုမှ ရုံးသွားမှာလား ... လက်ဖက်ရည်သောက်သွားဦးလေ"

ပထမ လက်ဖက်ရည်ဆိုင်ရှေ့အရောက် ဆိုင်ထဲမှ လူတစ်ယောက်က သူ့ကို လှမ်းခေါ်ပြောသည်။

ကြည့်လိုက်တော့ သူ့ဘေးအိမ်က ကိုမျိုးမင်းမြတ်ဆိုသောလူ။ ထုံးစံအတိုင်း ကလေးတရုန်းရုန်းနှင့်။



"မသောက်တော့ပါဘူးဗျာ ... ကျေးဇူးပဲ ... ဒီနေ့ ရုံးနောက်ကျနေလို့ဗျ"

"ဟုတ်လား ... အင်း ... အင်း ... ဒါဆိုလည်း နောက်မှတွေ့မယ် ... နောက်မှတွေ့မယ်"

သူ့ခေါင်းညိတ်ပြလိုက်ကာ ရှေ့ဆက်လျှောက်လာခဲ့သည်။

ကိုမျိုးမင်းမြတ်ကတော့ ခလေးလေးယောက်ကို အကြမ်းပန်းကန်လုံးလေးလုံးထဲ လက်ဖက်ရည်အညီအမျှ ထည့်ပေးရင်း အလုပ်ရှုပ် ကျန်ရစ်ခဲ့၏။

ထမင်းဆိုင်ရှေ့ သူရောက်သွားတော့ ခါတိုင်းလိုပင် ထမင်းဆိုင်က ခြောက်တိခြောက်ကပ်။

သို့သော်လည်း ...

အပ်ချုပ်ဆိုင်ရှေ့ သူဖြတ်လျှောက်မိတော့ ဆိုင်ထဲမှ အပ်ချုပ်စက်သံများကို ညံစီဆူဝေစွာ ကြားရပြန်သည်။

"ဂျုပ် ... ဂျုပ် ... ဂျုပ် ... ဂျုပ်"

"ဂျုပ် ... ဂျုပ် ... ဂျုပ် ... ဂျုပ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

အခုတလော သူတို့ဇနီးမောင်နှံနှစ်ယောက် အိမ်မှာ နားနားနေနေ နေရတယ်ရယ်လို့ သိပ်မရှိ။

ဟိုတစ်ရက်ကပဲ ပပမိုးမြင့်၏ မွေးနေ့ပွဲကို သွားခဲ့ရသည်။ ပြီးတော့ ကြားထဲမှာလည်း ရပ်ကွက်ထဲမှ အိမ်တက်ပွဲတစ်ခုကို သွားခဲ့ရသေးသည်။

အခုလည်း သူ့မိန်းမ သင်းပုံ့လှိုင်၏ အစ်မဖြစ်သော မမစွဲမက်လှိုင်တို့ အိမ်တွင် ခရီးတစ်ခုထွက်ဖို့ကိစ္စအတွက် အမျိုးတွေ စုဆုံကြမည် ပြော၏။

"ဘယ်ကိုပဲ သွားသွားပါ ... ကိုယ်တော့လိုက်လို့မရဘူး ... ရုံးမှာ လချုပ်စာရင်းတွေက သန်ဘက်ခါကိုပဲ စစ်ရဆေးရ တွက်ရ ချက်ရတော့မှာ ..."



"အင်းပါ ... ကိုဦးရယ် ... သင်းပုံ့ကလည်း သွားချင်လွန်းလှလို့ မဟုတ်ပါဘူး ... တူလေးချာချာက သင်းပုံ့မပါရင် သူပါမလိုက်ဘူး ပြောနေလို့သာ ..."

ကိုမြင့်မောင်နှင့် မမစွဲမက်လှိုင်တို့မိသားစုက ဦးဆောင်ကာ နီးစပ်ရာ ဆွေမျိုးတစ်ချို့နှင့်အတူ ဘုရားဖူးခရီးတစ်ခု ထွက်ကြမှာ ဖြစ်သည်။

ဘယ်ကို ခရီးထွက်မလဲဆိုတာကိုတော့ အခုညမှ အားလုံးစုဆုံကာ ဆုံးဖြတ်ကြမည်တဲ့။

ဆုံးဖြတ်ချက်အရ အဖြေဘယ်လိုပင်ထွက်ထွက် သူတို့ဇနီးမောင်နှံအတွက်က အကြောင်းမထူး။

ထိုခရီးစဉ်ကို သူမလိုက်ဖြစ်မှာ သေချာနေသလို သူ့မိန်းမ သင်းပုံ့လှိုင်က တူလေးချာချာ အတင်းပူဆာတာနှင့်ပဲ လိုက်ဖြစ်သွားမှာ သေချာနေသည်။

"ကဲ ... ချစ်ရေ ... မင်းပြင်လို့ ဆင်လို့ပြီးရင် ထွက်ခဲ့တော့ ... ကိုယ် ဧည့်ခန်းထဲက စောင့်နေမယ်"

"ကြွပါရှင် ... ကြွပါ ... ဒါပဲ မယားနဲ့ အတူတူ အပြင်သွားရမယ်ဆိုရင် ကိုဦးက ဘယ်တော့မှ သင်းပုံ့အပေါ် စိတ်မရှည်ဘူးနော်"

"အေး ... ဟုတ်တယ် မရှည်ဘူး ... တော်တော့ ... စကားနာထိုးမနေနဲ့တော့ ... မြန်မြန်လုပ် ... ကိုယ်အပြင်

www.burmeseclassic.com

www.burmeseclassic.com



က စောင့်မယ်...''

သူ စိတ်မရှည်နိုင်စွာ အိမ်ရှေ့ဧည့်ခန်းဆီ ထွက်လာခဲ့သည်။

အမှန်တကယ်လည်း သူ့မိန်းမပြောချင်စရာ ကောင်းလောက်အောင် သူက သူ့မိန်းမ၏ အပြင်မသွားခင် ပြင်ဆင်ချယ်သနေမှုများအပေါ် စိတ်မရှည်တတ်။

သူ့မိန်းမကလည်း သူ့မိန်းမပဲဖြစ်သည်။ ဆိုလိုတာက အခြားလူ၏ မိန်းမမဟုတ်ကြောင်း ဇာချဲ့ပြောလိုရင်းမဟုတ်။

သူအိမ်သာတက်ပြီး ဧည့်ခန်းထဲ ပြန်ရောက်ချိန်ထိ သူ့မိန်းမ၏ ပြင်ဆင်ချယ်သမှုမ်းမံတည်းဖြတ်ပြုပြင်အလှဆင်ခြင်းအမှုကိစ္စမပြီးပြတ်နိုင်သေးတာကို ပြောလိုရင်း ဖြစ်၏။

သူ့မှာ လက်မှ နာရီကို ကြည့်လိုက်၊ ဧည့်ခန်းထဲက တိုင်ကပ်နာရီကို ကြည့်လိုက် သူ့မိန်းမရှိရာ အိပ်ခန်းအပေါက်ဝဆီ လှမ်းကြည့်လိုက်နှင့် ဆိုဖာဆက်တီပေါ်မှာ တစ်ယောက်တည်း ခုန်ဆွခုန်ဆွ ခုန်ဆွ ဖြစ်နေတော့သည်။

❒ ❒ ❒

သူ့မိန်းမမှာက မောင်နှမဆိုလို့ မမစွဲမက်လှိုင်တစ်ယောက်သာ ရှိသည်။

ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ဘဝအရေးကိစ္စရပ်တွေနှင့် ကြုံတိုင်း အမြဲတိုင်းလိုလို တိုင်တိုင်ပင်ပင် ချစ်ချစ်ခင်ခင်



ရှိတတ်ကြတာ သိပ်တော့လည်း မထူးဆန်းလှချေ။

မမစွဲမက်လှိုင်တစ်ယောက် ကိုမြင့်ဆောင်နှင့် အိမ်ထောင်ကျတော့ သူ့မိန်းမသင်းပျံ့လှိုင်မှာ အပျိုဖြစ်လို့ ကောင်းနေတုန်းအချိန်။

တစ်ခုတော့ အဆင်ပြေသည်။ သူနှင့် သူ့မိန်းမသင်းပျံ့လှိုင်အိမ်ထောင်စကျ တော့ မမစွဲမက်လှိုင်တို့ဆီကနေ အိမ်ထောင်ရေးအတွေ့အကြုံ သင် ခန်းစာများကို အလွယ်တကူသင်ယူလေ့လာခွင့် ရရှိခဲ့ခြင်းပင်။

ယခုအချိန်ထိလည်း သူတို့လိုအပ်သော အကူအညီများကို ကိုမြင့်ဆောင်နှင့် မမစွဲမက်လှိုင်တို့က ပေးနေမြဲ။

ကိုမြင့်ဆောင်မှာ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်ဖြစ်ကာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အဆင့်မြင့်မြင့်နေရာတစ်ခုရရှိထားသဖြင့် အတန်အသင့် ဝင်ငွေဖြောင့်သည်။

ထို့အပြင် အခြားတစ်ဖက်၌လည်း မမစွဲမက်လှိုင်၏ အရောင်းအဝယ်လုပ်ငန်းမှာ အခြေအနေကောင်းနေသည်။

သူ့မိန်းမသင်းပျံ့လှိုင်တောင် မမစွဲမက်လှိုင်ဆီမှာ အရောင်းအဝယ်ပညာသင်ရင်း အလုပ်တွဲလုပ်နေတာ အတော်လေး ဟုတ်နေပြီ။

◈ ◈ ◈ ◈

မမစွဲမက်လှိုင်တို့အိမ်ကို ညဦးပိုင်းမို့ အေးရာအေးကြောင်း (TAXI) ငှားပြီး သွားရတယ်ဆိုသော်လည်း တစ်မြို့နယ်ထဲမှာပင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ကြသည်ဖြစ်ရာ အရမ်းဝေးလွန်းသည်တော့မဟုတ်။

သို့တိုင်အောင် သူတို့ရောက်သွားတော့ မမစွဲမက်လှိုင်တို့ အိမ်၌ နီးစပ်ရာဆွေမျိုးတွေ ရောက်နှင့်နေကြပြီးဖြစ်သောကြောင့် တစ်အိမ်လုံး စည်ကားလှုပ်ရှားနေတာ တွေ့ရ၏။

ထုံးစံအတိုင်း ဆွေမျိုးဆိုတော့ အကြောင်းအရာစုံသည်။ နေရာဒေသအမျိုးမျိုး အလုပ်အကိုင်အမျိုးမျိုး အခြေအနေအမျိုးမျိုးတို့ သာမက စရိုက်လက္ခဏာအမျိုးမျိုးရှိသူတွေနှင့်ပါ ကြုံရတတ်သည် မဟုတ်လား။

တစ်ချို့ကတော့ ကိစ္စဝိစ္စတွေပြီးလျှင် မူလနေရပ်ထံ ပြန်ကြမည်။

တစ်ချို့ကျတော့ ခရီးဝေးသဖြင့် မမစွဲမက်လှိုင်တို့ အိမ်မှာပဲ တစ်ညအိပ်ပြီး မနက်ကျမှ စောစောထပြန်မည်။

တစ်ချို့ကတော့ တစ်ညနှင့်မပြီး ပျော်သလောက်နေဦးမည်ဟု စိတ်ကူးထားသူတွေ လည်း ပါသေး၏။

"နင်တို့ကလည်း နောက်ကျလိုက်တာဟယ် ... ငါတို့က နင်တို့ကို အစောကြီးရောက်မယ် ထင်နေတာ ..."

ခြံထဲဝင်ဝင်ချင်း မမစွဲမက်လှိုင်က သူတို့ဇနီးမောင်နှံကို ဆီးကြိုကာ ပြော၏။

"မမရေ ... ဟောဒီက မမညီမကိုသာ မေးကြည့်တော့ ... ဘာဖြစ်လို့ နောက်ကျရသလဲဆိုတာ"



သူ့အပြောကြောင့် သင်းပျံ့လှိုင်က မျက်စောင်းလှမ်းထိုးသည်။

သူက သင်းပျံ့လှိုင်ကို ပြုံးတုံ့တုံ့ ပြန်လုပ်ပြကာ လက်ပင်ထပ်ပိုက်ပြလိုက်သေး၏။ "ဘာတတ်နိုင်သေးလဲ" ဆိုသည့် သဘော။

ကြားထဲက နဝေတိမ်တောင်ဖြင့် နားမလည်နိုင်ဖြစ်ရသူက မမစွဲမက်လှိုင်။

"ဟဲ့ ... ပြောစမ်းပါဦး ... ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

စိတ်မရှည်နိုင်စွာ သင်းပျံ့လှိုင်၏ ပခုံးကို လှမ်းပုတ်ကာ မေးသည်။

"ဘာမှ မဟုတ်ပါဘူး ... မမ ... ဟဲဟဲ ... ဟိုလေ"

ဒါတောင် သင်းပျံ့လှိုင်က ဝေ့လည်ကြောင်ပတ်လုပ်နေသေးရာ ...

"သူ ပြင်တာဆင်တာ ကြာနေလို့ ... မမရေ ... မမညီမအကြောင်း မမလည်း သိရဲ့လား"

ဟု သူဝင်ပြောလိုက်မှ မမစွဲမက်လှိုင်တစ်ယောက် သဘောပေါက်သွားတော့သည်။

"ကဲ အဲဒါတွေ ထားလိုက်တော့ လာ ... အိမ်ထဲကို သွားမယ် ... အထဲမှာ အားလုံးရောက်နေကြပြီ"

ပြောပြောဆိုဆို မမစွဲမက်လှိုင်ကပင် ဦးဆောင်ကာ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားသည့်လမ်းကလေးအတိုင်း ရှေ့မှ လျှောက်၏။

မမစွဲမက်လှိုင်တို့ အိမ်ခြံဝန်းက အတော်ကလေး ကျယ်ပြန့်သောကြောင့် လွတ်လပ်လင်းရှင်းသော ခံစားမှုကို ရနေသည်။

အိမ်နှင့် နီးသော မြေကွက်လပ်တွင် တူလေးချာချာဦးဆောင်သော ကလေးတစ်သိုက်မှာ ဆူညံစွာ ကစားနေကြသည်။

ဆွေမျိုးများမှ ပါလာသည့် ကလေးတွေပဲ ဖြစ်လိမ့်မည်။ ဆွေမျိုးကလေးများဟုခေါ်လျှင် ပိုမှန်မည်လား မပြောတတ်။

ထိုအခိုက် သူ့မိန်းမသင်းပျံ့လှိုင်က သူ့နားတိုးကပ်လာတော့…

"ကိုဦး … အိမ်ထဲက ကျွန်မအမျိုးတွေနဲ့တွေ့ရင် ထပ်ပြီး အာမချောင်နဲ့ဦးနော်"

"အာမချောင်စေချင်ရင် နောက်ကို အပြင်သွားတိုင်း မြန်မြန်ပြင်ဆင် … ဆင်"

စကားပင်မဆုံးသေး သင်းပျံ့လှိုင်က သူ့ဗိုက်ခေါက်ကြောကို ဆွဲလိမ်သည်။

သူတွန့်ခနဲဖြစ်ပြီး အော်လိုက်မိ၏။

"အား … နာတယ် … မိန်းမရ"

* * * *



## အခန်း (၆)

ရုံးပိတ်ရက်ဖြစ်သော်လည်း သည်မနက်ကျမှ သူ့အစောကြီးအိပ်ယာက နိုးလာသည်။

အိပ်ယာနိုးနိုးချင်း သူ့သိစိတ်ထဲ ဝင်ရောက်လာတာက မီးဖိုခန်းထဲဝင်ပြီး ချက်ပြုတ်ကြော်လှော်ရမည့်ကိစ္စ။

မနေ့ညနေကပဲ ကိုမြင့်ဆောင်နှင့် မမစွဲမက်လှိုင် ဦးဆောင်သော ဆွေမျိုးတစ်စုနှင့်အတူ သူ့မိန်းမ သင်းပျံ့လှိုင်တစ်ယောက် ပုဂံညောင်ဦးပုပ္ပားဖက်သို့ ဘုရားဖူးလိုက်သွားရာ တစ်ပတ်လောက်တော့ ကြာမည်ပြောသည်။

နေ့ကွေးလေးကန်သော ခြေလှမ်းများဖြင့် ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲ သူလျှောက်ဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ စိတ်က သိပ်မပါချင်။

သို့ရာတွင် ရေနွေးထိတွေ့ပြီးသွားချိန်နောက်မှာတော့ သူ့ခန္ဓာကိုယ်က သိသိသာသာ လန်းဆန်းကြည်လင်မှု ရှိသွား၏။

အရင်ရက်တွေကတည်းက သင်းပျံ့လှိုင် ကြိုတင်ပြင်ဆင်ပေးထားခဲ့သဖြင့် သည်မနက် သူမီးဖိုခန်းဝင်သောအခါ စားစရာသောက်စရာ စီမံရတာ ထင်သလောက် အခက်မတွေ့။

အရင်ဆုံး မနေ့ညကကျန်သော ထမင်းကြမ်းခဲကို ပဲင်ပြာရည် နည်းနည်းလောင်းထည့်၍ ဆီပါးပါးနှင့်လှိမ့်ကာ မွှေကာ ကြော်သည်။

တစ်ချိန်တည်းမှာပဲ လျှပ်စစ်ထမင်းအိုးနှင့် ထမင်းတည်သည်။

သူက အစားကြီးသူတစ်ယောက်မဟုတ်သလို အစားနည်းသူတစ်ယောက်လည်း မဟုတ်သောကြောင့် လိုလိုပိုပို နို့ဆီဘူးတစ်လုံးခွဲစာ ဆန်ထည့်ချက်လိုက်သည်။

ထမင်းကြော်ပြီးသွားပြန်တော့ အရည်သောက်အတွက် ထွေထွေထူးထူးမဟုတ်ဘဲ ပဲပင်ပေါက် လက်နှစ်ဆုပ်စာလောက်ကို ရေနွေးပွက်ပွက်ထဲ ပစ်ထည့်ကာ အလေးအပေါ့ သမမျှတအောင် ချိန်ညှိပြီး အဆုံးသတ်တွင် ငရုတ်ကောင်းမှုန့် နည်းနည်းဖြူးလိုက်၏။

ငရုတ်ကောင်းမှုန့်က အစာကြေပျက်မှုနှုန်း နှေးကွေးလွန်းသဖြင့် သူ့အများကြီး မဖြူးခြင်း ဖြစ်သည်။

အားလုံးပြီးသွားကာမှ သင်းပျံ့လှိုင် ပြင်ဆင်ပေးထားခဲ့သော



ကြက်သားကြော်နှင့် ချဉ်ပေါင်ကြော် ဟန်းကန်ပြားကို ကြောင်အိမ်ထဲမှ ဆွဲထုတ်လိုက်သည်။

သင်းပျံ့လှိုင်မရှိသော နေ့ရက်များကို ယခုလိုပဲ သူ့ကျော်လွှားဖြတ်သန်းရဦးမည် ထင်၏။

မနက်စာ စားပြီးချိန်တွင်မူ သေးငယ်သပ်ရပ်သော အိမ်ငယ်လေးထဲမှာ သူ့ခမျာ ခြောက်ကပ်ပျင်းရိစွာ ယောင်ချာချာဖြစ်ကာ နေလေတော့သည်။

◈ ◈ ◈ ◈

"သင်းပျံ့မရှိတုန်း လွတ်လပ်ပြီဆိုပြီး … ကိုဦးဘယ်မှ လျှောက်မသွားရဘူးနော် … အိမ်မှာပဲနေ … သိလား"

ခရီးမထွက်ခင် သင်းပျံ့လှိုင်မှာခဲ့သော စကားကြောင့်သာ ဘယ်မှလျှောက်မသွားဘဲ သူအိမ်ကပ်နေရခြင်း ဖြစ်သည်။

သို့သော်လည်း အိမ်မှာ တစ်ယောက်တည်းနေရတာ ပျင်းစရာတော့ အကောင်းသား။

ဒါကလည်း ဟိုအရင် အလုပ်ပိတ်ရက်တွေတုန်းက သူ့မိန်းမ သင်းပျံ့လှိုင် ရှိနေသည့်အပြင် တစ်ချို့အလုပ်ပိတ်ရက်တွေမှာ အိမ်ကပ်သည်မရှိဘဲ ဟိုဟိုဒီဒီ လျှောက်သွားတတ်သေးတာမျိုးကြောင့်သာ ဖြစ်လိမ့်မည်။

ထို့ကြောင့် ….။

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တတစ်ပတ်မှာ ငါးရက်က ကုမ္ပဏီအလုပ်သွားနေရပြီး ကျန်နှစ်ရက်သာ အနားရသည့် သူ့အဖို့ အိမ်ကလေးမှာ သည်လောက်ပျင်းစရာကောင်းသော နေ့ရက်မျိုး မကြုံဖူး။

အရေးထဲ သည်နေ့ကျမှ အပျင်းပြေ ဖတ်ရအောင်လို့ကလည်း ဘာစာအုပ်မှမရှိ။

ညနေပိုင်း လက်ဖက်ရည်ဆိုင်လေး ဘာလေးထွက်ထိုင်မှပဲ **စာအုပ်အငှားဆိုင်ဖက် ခြေဦးလှည့်ရတော့မည်။**

**လောလောဆယ်တော့ အိမ်က DVD ခွေတွေထဲက မကြည့်**ရသေးတာပဲဖြစ်ဖြစ် ကြည့်ပြီးသားထဲက ပြန်ကြည့်ချင်တာပဲဖြစ်ဖြစ် တစ်ခွေလောက်ရှာပြီး ထိုင်ကြည့်နေရုံပဲ ကျန်တော့သည်။

ထိုအတွေးနှင့်ပဲ DVD ခွေများကို တစ်ခွေပြီးတစ်ခွေ သူ ထိုင်ရွေးသည်။

ခက်တာက ခွေအားလုံးကြည့်ပြီးသား ဖြစ်နေသောကြောင့် ရွေးရခက်နေခြင်းပင်။

သိပ်ကောင်းသည့် ဇာတ်လမ်းများကိုကျတော့ အခုထိ မှတ်မိနေသည်။ မကောင်းသည့် ဇာတ်လမ်းများကျပြန်တော့ ပြန်မကြည့်ချင်။

ထိုသို့ဖြစ်ပင် လုံးလည်လိုက်ကာ ရွေးရခက်နေခြင်း ဖြစ်သည်။

သို့ရာတွင် ခဏကြာတော့ သူဆုံးဖြတ်ချက်တစ်ခုကို ချဖြစ်



သွားသည်။

ဆုံးဖြတ်ချက်အတိုင်းလည်း ခွေတစ်ခွေကို သူရွေးချယ်လိုက်၏။

' EXTRAORDINARY MEASURES ' ဆိုသော ဟောလိဝုဒ်က ထုတ်လုပ်သည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

ဇာတ်ကားမှာ ခေါင်းဆောင်ပါဝင်ထားသော မင်းသားနှစ်ယောက်စလုံးမှာလည်း အောင်မြင်ထင်ရှားကြသူများ ဖြစ်၏။

ဇာတ်လမ်းက ဖြစ်ရပ်မှန်တစ်ခုကို အခြေခံကာ ရိုက်ကူးထားပြီး ထင်ထင်ရှားရှား တွေ့နိုင်တာက မိဘမေတ္တာပဲ ဖြစ်သည်။

သည်ဇာတ်ကားကို သူကြည့်ပြီးတာ သိပ်မကြာသေးချေ။

သို့သော် ...။

သင်းပုံ့လှိုင်က သည်ဇာတ်ကားကို သိပ်ကြိုက်သည်။

ထို့ကြောင့်လည်း သည်ဇာတ်ကားကို တမင်တကာ သူရွေးချယ်ဖွင့်ကြည့်ဖို့ရန် ဆုံးဖြတ်လိုက်တာပဲ ဖြစ်၏။

**ဇာတ်ကားကောင်းများ၏ ထုံးစံအတိုင်း တစ်ခန်းပြီး တစ်ခန်း** သေသပ်အသက်ဝင်စွာ ဇာတ်လမ်းက ရှေ့ဆက်နေသည်။

မကြာခင်မှာပဲ သူလည်း ဇာတ်လမ်းထဲမှ သရုပ်ဆောင်များ၏ အနုပညာမှော်ထဲ မျောလွင့်ပါသွားတော့သည်။

မွန်ပီဟုခေါ်သော ခန္ဓာကိုယ်အနှံ့ မွေးရာပါ ကြွက်သားအားနည်းမှု နာတာရှည်ရောဂါဖြစ်နေသည့် သားသမီးနှစ်ယောက်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးဖော်ထုတ်ရှာဖွေရန် ဖခင်တစ်ဦး၏ ကြိုးစားဆောင်ရွက်မှုများကို သည်ဇာတ်လမ်းမှာ မြင်ရ၏။

ဖခင်ဖြစ်သူ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲ ပြဿနာတွေက တစ်ခုပြီးတစ်ခု ဆက်တိုက်ပဲ ဖြစ်သည်။

ထိုကိစ္စတွေကို ဖခင်ဖြစ်သူ ကျော်လွှားဖြေရှင်းသွားသည့် နည်းမှာ တစ်နည်းတည်းသာ ဖြစ်သည်။

ဖခင်မေတ္တာ။

တစ်နည်းအားဖြင့် မိဘမေတ္တာပင်။

ဘယ်လောက်တောင် အိပ်ပျော်သွားမိသည်မသိ အိမ်ရှေ့ဆီက ဆူညံစွာ ထွက်ပေါ်လာသော လူခေါ်ခေါင်းလောင်းသံကြားမှပဲ သူဆတ်ခနဲ လန့်နိုးသွားရသည်။

ဘယ်သူလဲ။

ဘယ်နှစ်နာရီထိုးပြီလဲ။

လေးကန့်တုံ့ဆိုင်းစွာ အိပ်ယာပေါ်မှ လျှောဆင်းရင်း လက်ပတ်နာရီကို ပင့်မြှောက်ကြည့်လိုက်တော့ နေ့လည် သုံးနာရီခွဲ။

အိမ်ရှေ့ဝင်ပေါက် တံခါးမကြီးကို ဆွဲဖွင့်လိုက်တော့ ခြံဝမှာ တရုတ်စုတ် (ခေါ်) ကျော်မျိုးခိုင်နှင့် စုတ်ဖွား (ခေါ်) ဝင်းသူရလွင်။



နှစ်ယောက်သား ခြံပေါက်ဝမှာ ရပ်လျက်သား။

"ဟာ … ဟေ့ကောင်တွေ ဘယ့်နှယ်ကွာ … ဘယ်လိုလုပ်ပြီး ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာကြရတာလဲ"

သူ အံ့သြတကြီး လှမ်းအော်မိသွားသည်။

"ဟဲ … ဟဲ … ဒါက ဒီလိုရှိတယ် ကြည်သာဦးရ"

ထုံးစံအတိုင်း တေါ်နှစ်ကောင်စလုံး သူ့ကိုတွေ့တော့ စပ်ဖြဲဖြဲနှင့်။

"ပြောပါဦး ဘာက ဘယ်လိုရှိတာလဲ"

"အိမ်ထဲရောက်မှ ပြောမယ်ကွာ … မင်းက ငါတို့ကို အိမ်ထဲတောင် မခေါ်တော့ဘူးလား"

"သြော် … အေး … ဟုတ်သားပဲ လာကြ … လာကြ"

အိမ်ထဲရောက်သည်အထိ တေါ်နှစ်ကောင်က မျက်နှာပိုး မသေနိုင်ကြသေး။

"ကဲ ပြောကြစမ်းပါဦး … ဘာတွေဖြစ်လာကြရတာလဲ"

"အေး ပြောပြမယ် … ဒါနဲ့ မင်းမိန်းမရော မမြင်ပါလား"

"မရှိဘူးကွ … ပုဂံကို ဘုရားဖူးခရီးထွက်သွားတယ်"

"ဒါဆို အခု မင်းတစ်ယောက်တည်းပေါ့"

"အေး"

စုတ်ဖွားက အိမ်ထဲသို့ တစ်ချက်ပတ် ကြည့်လိုက်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဗျင်းစရာကြီးကွာ … လက်ဖက်ရည်ဆိုင်သွားရအောင်"

"ခဏ … ခဏ"

စုတ်ဖွားး၏ စကားကို တရုတ်စုတ်က ကပျာကယာ ဝင်တားလိုက်သည်။

"ဘာလဲကွ မင်းက"

"ဟိုလေ … ခဏစောင့်ဦးလို့ ပြောမလို့ … ဟဲ … ဟဲ … ငါအိမ်သာတက်ချင်လာလို့"

ပြောပြောဆိုဆို တရုတ်စုတ်က နောက်ဖေးခန်းထဲ ဝင်သွားသည်။ ခဏကြာတော့ နဝေတိမ်တောင်လေသံဖြင့် အထဲမှ လှမ်းအော်၏။

"ကြည်သာဦးရေ … အိမ်သာက ဘယ်မှာလဲ … ငါမတွေ့လို့"

တရုတ်စုတ်အော်သံကြောင့် သူနှင့်စုတ်ဖွား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းခါလိုက်မိကြသည်။

"ဟေ့ကောင် တရုတ်စုတ် … အိမ်သာက ဒီရှေ့မှာကွ … ထွက်လာခဲ့"

ခွင်ဝင်တုန်း စုတ်ဖွားက တရုတ်စုတ်ကို ပါးပါးထည့်ဖို့ကြိုးစားသည်။

"ဟုတ်လား … လာပြီ … လာပြီ"

စုတ်ဖွား ဆင်သောခွင်ထဲ တရုတ်စုတ် တည့်တည့်တိုး



လက်တစ်ဖက်က တင်ပါးကို ပိတ်သလိုပုံနှင့် အပြေးတစ်ပိုင်းထွက်လာကာ …

"ဘယ်မှာလဲ အိမ်သာ"

သူက တရုတ်စုတ်ကိုကြည့်ရင်း မအောင့်အည်းနိုင်သောလေသံဖြင့် …

"ဟေ့ကောင် ဘယ်အိမ်မှ အိမ်သာကို ရှေ့ဖက်ထုတ်ထားကာ မင်းမြင်ဖူးလို့လဲ … သွား … နောက်တည့်တည့် … လမ်းဆုံးရင် ညာဖက်ချိုး"

သည်တော့မှပဲ သဘောပေါက်သွားကာ အားနေသော လက်တစ်ဖက်ဖြင့် စုတ်ဖွားကို တရုတ်စုတ်က လက်သီးဆုပ်ပြသည်။

"အေး … ကိစ္စပြီးရင် မင်းနဲ့ငါတွေ့မယ်"

ကျန်လက်တစ်ဖက်ဖြင့် တင်ပါးပိတ်ပြီး အထဲပြန်ဝင်သွားသော တရုတ်စုတ်၏ ဖြစ်တင်ကြောင့် သူနှင့် စုတ်ဖွား တဟားဟား ပွဲကျသွားတော့သည်။

မနက်ခင်းကတည်းက တစ်ယောက်တည်း ခြောက်ကပ်နေသော အိမ်ကလေးသည် ယခုမှပဲ ရယ်မောသံများဖြင့် စိုပြေသွားရလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ရုံးပိတ်ရက်ဖြစ်သော်လည်း သင်းပုံ့လှိုင်ပြန်မရောက်လာသေးသောကြောင့် ခါတိုင်းထက် ပို၍စောစီးစွာပင် သူအိမ်မှ ထွက်လာခဲ့သည်။

မနက်စာကို ရုံးနားက စားသောက်ဆိုင်မှာပဲစားရန် သူရွေးချယ်ထားသည်။

ကုမ္ပဏီရုံးခန်းသည် မြို့လယ်ခေါင် လူစည်ကားရာ နေရာတစ်ခုတွင် တည်ရှိသဖြင့် ရုံးနားက စားသောက်ဆိုင်သို့ သူရောက်ရှိသွားချိန်၌ ဆိုင်ထဲမှာ လူစည်ကားစပြုနေတာကို တွေ့ရ၏။

ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကြက်ဥကြော်တစ်ချပ်နှင့်အတူ ထမင်းကြော်တစ်ပွဲ သူမှာလိုက်သည်။

ခဏကြာတော့ စားပွဲထိုးလေးက သူမှာထားသော ထမင်းကြော်ကို လာချပေးရာ ပထမတစ်ဇွန်းနှိုက်စားရန် သူဟန်ပြင်လိုက်



စဉ်မှာပင် ...

"ဆရာ ... ဆရာ ... ခဏ ... ဆရာ ... ခဏ"

စောစောက စားပွဲထိုးကလေးပဲ ဖြစ်နေသည်။ ခပ်လှမ်းလှမ်း စားပွဲဝိုင်းများကြားမှ သူရှိရာ စားပွဲဆီ ပြန်လှည့်လာကာ အမောတကော လှမ်းအော်လာနေတာ တွေ့ရသည်။

"ဟိုးတား ဆရာ ... ဟိုးတား"

နှိုက်လက်စဇွန်းကို စိတ်ရှုပ်ထွေးစွာ သူပြန်ချလိုက်သည်။

"ဟော့ကောင် ... ငါကားဆရာ မဟုတ်ဘူး ... ဘာတွေ အသည်းအသန် ဟိုးတားနိုင်းနေရတာလဲ"

အနားရောက်လာသော စားပွဲထိုးလေးကို စိတ်ပေါက်ပေါက်နှင့် သူပြန်အော်လိုက်၏။

"မဟုတ်ဘူး ... ဆရာ ... ဟိုဟာလေ"

စားပွဲထိုးလေးက အူကြောင်ကြောင် ဖြစ်နေသေးသည်။ ပြီးမှ ...

"ဟိုဟာ ... ဒီထမင်းကြော်က ဆရာ့ဟာ မဟုတ်ဘူး ... ကျွန်တော် မှားချမိတာ"

"ဟော ... ဟုတ်လား"

ရှေ့မှ ထမင်းကြော်ပန်းကန်ကို သူယောင်ရမ်းပြီး တစ်ချက်ကြည့်မိသွားသည်။

"မဟုတ်သေးပါဘူးကွ ... ဒါ ငါမှာထားတာပါ ...

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်ကွာ … ဒီမှာ ကြက်ဥကြော်လည်းပါတယ်’’

‘‘မဟုတ်ဘူးလေဆရာ … ဆရာ ကျွန်တော့်ကိုမှာတာ ကြာဆံကြော်လေဆရာ’’

‘‘ဟာ … မဟုတ်ပါဘူး … ထမင်းကြော် … စကေ့ မင်းလူမှားနေပြီ ထင်တယ်’’

ခုမှပဲ သူ့စိတ်ရှုပ်သထက်ရှုပ်ရပြီ။

‘‘မမှားပါဘူး … ဆရာရယ် … ဆရာဆိုင်ထဲ ဝင်လာတာကနေ ဒီစားပွဲမှာ ဝင်ထိုင်လိုက်တာအထိ ကျွန်တော် အစအဆုံး မြင်တယ် … မြင်လို့ပဲ ဆရာ့ဆီလာပြီး ဘာမှာမလဲဆရာလို့ ကျွန်တော်လာပြီး မေးတာလေ’’

‘‘အေး … ဟုတ်ပါတယ် … မင်းမေးပါတယ် … ငါကလည်း ထမင်းကြော်တစ်ပွဲ ကြက်ဥကြော်နဲ့လို့ မင်းကို ပြောလိုက်တယ်လေ’’

စားပွဲထိုးလေးက ခေါင်းကို ကုတ်ကာ …

‘‘ကိုယ့်ဆရာကလည်း … စောစောစီးစီး လာစားနေတယ်’’

‘‘ဟော့ကောင် စားနေတာမဟုတ်ဘူးကွ … စားမလို့ မှာတာပဲရှိသေးတယ် မင်းက လွဲနေပြီ’’

ထိုအချိန်မှာပဲ သူတို့အနားသို့ ဆိုင်ရှင်ဖြစ်ဟန်တူသော လူကြီးတစ်ယောက်ရောက်လာပြီး …



‘‘ဟော့ကောင်တောက်တဲ့ … ဘာတွေဖြစ်နေတာလဲ’’

တောက်တဲ့ဟု ခေါ်ခံရသော စောစောက စားပွဲထိုးကလေးက ဆိုင်ရှင်လူကြီးကို အခြေအနေ ရှင်းပြလိုက်သည်။

‘‘ဟုတ်ပြီ … ရပြီတောက်တဲ့ … ဒီဆရာ ထမင်းကြော်မှာတာပဲ ဖြစ်မှာပါ …မင်းပဲ တလွဲတွေ လျှောက်လုပ်တာဖြစ်မယ် … သွား … သွား … ဟိုဖက်ဝိုင်းတွေ သွားကြည့်ချေ’’

စားပွဲထိုးလေးတောက်တဲ့ ခေါင်းခါပြီး ထွက်သွားသည်။ ဆိုင်ပိုင်ရှင်လူကြီးလည်း သူ့ကို တစ်ချက်ကြည့်ကာ ဆိုင်ထဲ ပြန်လှည့်ဝင်သွားသည်။

အငွေ့တလူလူဝေနေဆဲ ထမင်းကြော်ပန်းကန်ရှေ့မှာ သူငုငေါင်ငေါင် ထိုင်နေမိသည်။

စားချင်သောက်ချင်စိတ်ကလေးတောင် ဘယ်နားရောက်သွားမှန်း မသိ။

ခဏကြာမှ စိတ်ကိုလျှော့ကာ ထမင်းကြော်တစ်ဇွန်း နှိုက်စားလိုက်သည်။

ဗိုက်ထဲ ထမင်းကြော်တစ်ဇွန်းလောက် ဝင်သွားမှပဲ သူ့ကိုယ်သူ တော်တော်ဆာနေမှန်း သတိထားမိတော့၏။

တစ်ခဏအတွင်းမှာပင် ထမင်းကြော်ပန်းကန်တစ်ဝက် ကျိုးသွားအောင် သူစားပစ်လိုက်သည်။ စားနေရင်း ဟိုတစ်နေ့က စုတ်

www.burmeseclassic.com

www.burmeseclassic.com



ဖွားနှင့် တရုတ်စုတ် သူ့အိမ်ရောက်လာပုံကို ပြန်အမှတ်ရမိသွားသည်။

သူ အခု ထမင်းကြော်နှင့် ကြာဆံကြော်အလွဲကြောင့် အာရုံ နောက်ရပေမယ့် စုတ်ဖွားနှင့်တရုတ်စုတ်တို့၏ အလွဲကတော့ ရယ်ရခက် ငိုရခက်မဟုတ်လား။

❁ ❁ ❁ ❁

"ဒီလိုကွ ငါနဲ့တရုတ်စုတ် ဒီနေ့ပလာဇာကအပြန်မှာ ပပမိုးမြင့်ကို ကားတစ်စင်းနဲ့ မောင်းထွက်သွားတာ လှစ်ခနဲတွေ့လိုက်ရလို့ ငါတို့ကားနဲ့ နောက်ကလိုက်တာ … သူ့အံ့သြအောင် ကိုယ်ထင်မပြဘဲ အသာမေးလိုက်ရင်း သူ့ကားက မင်းတို့မြို့နယ်ထဲ မောင်းလာတော့ ဘာလဲပေါ့ ဆိုပြီး၊ ငါတို့ ဆက်လိုက်ကြတယ် … နောက်ဆုံးတော့ သူသွားတဲ့နေရာကို ရောက်တယ် … အဲဒီကျမှ ငါတို့ လွဲပြီဆိုတာ သိလိုက်တာ"

"ဘာကို လွဲတာလဲ"

"ပပမိုးမြင့် မဟုတ်ဘူးကွ …"

"ဒါများကွာ မင်းတို့က သူ့ကားကို မမှတ်မိဘူးလား"

"ဘယ်သိမလဲကွ … သူက ကားထည်လဲ စီးနေတာ မဟုတ်လား"



"နေပါဦး … သူက ဘယ်နေရာကိုရောက်မှ ပပမိုးမြင့် မဟုတ်မှန်း မင်းတို့သိတာလဲ"

"မြူတီပါလာဟော့ … ငါတို့လိုက်မိတဲ့ ပပမိုးမြင့်က ယောဒီ မင်းတို့မြို့နယ်က နာမည်ကြီးအလှဖန်တီးရှင် ခင်ဝေသူ ဖြစ်နေတယ်"

◆ ◆ ◆ ◆

စားသောက်ပြီးစီးသွားသောအခါ ကုမ္ပဏီရုံးခန်းဆီ သူတက်လာခဲ့သည်။

အချိန်အနည်းငယ် စောနေသေးသောကြောင့် သူ့ရုံးခန်းက အေးစက်စက် ဖြစ်နေသေးသည်။

သူ့အထက်အရာရှိ ဦးမြမောင်လည်း မရောက်သေး။ ဟိုဌာန သည်ဌာနမှာလည်း ရုံးသူရုံးသားတွေက တစ်ယောက်စ နှစ်ယောက်စ မျှသာ။

ထိုအခိုက် …

"ကလင် … ကလင် … ကလင်"

သူ့အလုပ်စားပွဲပေါ်မှ တယ်လီဖုန်းက ရုတ်တရက် စမြည်လာသဖြင့် သူလန့်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို … ကြည်သာဦးစကားပြောနေပါတယ်"

"ကိုဦးလား … သင်းပျံ့ပါ ကိုဦးရဲ့"

ထင်မှတ်မထားဘဲ သူ့မိန်းမသင်းပျံ့လှိုင်ဖြစ်နေရာ သူဝမ်းသာသွား၏။

❐ ❐ ❐



## အခန်း (၈)

ဟိုအရင်တုန်းကတော့ သူ့မိန်းမ သင်းပျံ့လှိုင်နှင့်အတူတူ သည်ဆိုင်ကလေးမှာ သုံးလေးကြိမ်လောက် သူညစာ စားသောက်ဖူးသည်။

သည်တစ်ခါတော့ အဲသည်လို ညစာမျိုးမဟုတ်ဘဲ အလုပ်သဘောဆန်သော ညစာစားပွဲမျိုးဟု ပြောရမည် ထင်၏။

အကြောင်းကတော့ အလုပ်ကိစ္စအကြောင်းပြုပြီး အိမ်ပွဲစားကိုဇော်ဟန်နှင့် စား သောက်ရသည့် ညစာစားပွဲဖြစ်နေခြင်းကြောင့်ပင်။

"မသင်းပျံ့လှိုင်က ဘယ်တော့ ပြန်ရောက်မှာလဲ"

ကိုဇော်ဟန်က ရှေ့မှ ဘီယာဖန်ခွက်ကို ဆွဲယူကာ မေးသည်။

"ဒီနေ့မနက်က ဖုန်းဆက်တော့ သန်ဖက်ခါ ပြန်လာမယ် ပြောတာပဲဗျ"

သူက သောက်လက်စဘီယာခွက်ကို အသာချလိုက်ပြီး ပြန်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကျွန်တော်ကိုင်ထားတဲ့ အလုံးတွေကတော့ အားလုံးအသန့်တွေချည်းပဲဗျ ... တစ်ရက်တော့ လိုက်ကြည့်ဗျာ ... ပွဲစားဆိုပေမယ့် ကြွားမပြောတတ်ပါဘူး"

ကိုဇော်ဟန်ကို သူပြုံးပြလိုက်သည်။ တစ်ဆက်တည်း ...

"ကြည့်တာပေါ့ဗျာ ... ခင်ဗျားကိုင်ထားတဲ့ အိမ်တွေကြည့်ချင်လို့ပဲ ... ခင်ဗျားကို ဒီနေ့ချိန်းလိုက်တာပေါ့ ... ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်း လိုက်ကြည့်လို့ ဘာမှ မထူးဘူးဗျ ... ကျွန်တော့်မိန်းမ ပြန်လာမှ ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ကျွန်တော်ကလည်း အဲဒီ့ခါကျမှ လိုက်ကြည့်ဖို့ ပြောတာပါဗျာ"

သူ့စကားပင်မဆုံးလိုက် ကိုဇော်ဟန်က ဖြတ်ပြောပြီး သူ့ကိုကြည့်ကာ သဘောကျနေသည်။

"ဒီမယ် ... ကိုကြည်သာဦးရဲ့ ... ခင်ဗျားတို့လင်မယားစုံစုံညီညီနဲ့ နောက်မှအိမ်လိုက်ကြည့်တာက ကြည့်တာ တစ်ပိုင်းပေါ့ဗျာ ... လောလောဆယ်တော့"

စကားကို မဆက်သေးဘဲ ကိုဇော်ဟန်က ဘီယာခွက်ကိုမကာ တစ်ကျိုက်မော့သည်။

ပြီးမှ ...



"လောလောဆယ်တော့ ဟောဒီမှာ ပါလာတဲ့ အယ်လ်ဘမ်လေး ယူထားလိုက် ..."

ပြောပြောဆိုဆို အသင့်ပါလာသော အိတ်ထဲမှ ဓာတ်ပုံအယ်လ်ဘမ်စာအုပ်တစ်အုပ်ကို ထုတ်၍ ကိုဇော်ဟန်က သူ့ဆီ တွန်းထိုးပေး၏။

"ဒါ ဘာလဲဗျ"

အယ်လ်ဘမ်လေးကို အလိုက်သင့် ဆွဲယူလိုက်ရင်း နားမလည်နိုင်စွာ သူပြန်မေးဖြစ်သည်။

"ဒါ ကျွန်တော့်လက်ထဲမှာ ရောင်းဖို့ရှိနေတဲ့ အိမ်တွေရဲ့ ဓာတ်ပုံအယ်လ်ဘမ်ပဲဗျ ... အိမ်တွေ လိုက်မကြည့်နိုင်ခင် ... ခင်ဗျား ခဏယူထားလိုက် ... အဲဒီ့ထဲကနေ ခင်ဗျားတို့လင်မယား စိတ်ကြိုက်တွေ့တဲ့ အိမ်ကို စာရင်းရွေးထား ... အဲဒါမှ အိမ်လိုက်ကြည့်တဲ့အခါ ဦးစားပေးကြည့်ရမယ့်အိမ်တွေ ရှိလာမှာ"

"ဩော် ... အင်း ကောင်းတာပေါ့ဗျာ ... အဆင်ပြေတာပေါ့"

အယ်လ်ဘမ်ထဲမှ အိမ်ခြံဓာတ်ပုံများကို ဖွင့်ကာ တစ်ပုံနှစ်ပုံလောက် သူလှန်လှောကြည့်မိသွားသည်။

"အားပါး ... ပုံတွေကတော့ ရှယ်ပဲ ... ဈေးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ့် သဘောရှိတယ် ကိုဇော်ဟန်ရေ”

“အာ ... အဲလိုတော့ မဟုတ်ပါဘူးဗျာ ... အစားစား ပေါ့လေ ... ဘာပဲဖြစ်ဖြစ် ဈေးနှုန်းတော့ စိတ်ချနေပါ ... မများစေရပါဘူး”

သူခေါင်းတစ်ချက်ညိတ်လိုက်သည်။ ပြီးသွားတော့ အမြည်း ပန်းကန်ထဲမှ ကြက်ဆီဖူးကင် တစ်ချောင်းကိုဆွဲကာ တစ်ကိုက်ဝါး လိုက်၏။

ကိုဇော်ဟန်ကို သူသိကျွမ်းတာ ကြာပြီ။ ကိုဇော်ဟန်သည် ပွဲစားတစ်ယောက်ဆိုပေမယ့် လုပ်ငန်းပိုင်းဆိုင်ရာမှာ နာမည်ပျက်ရှိသူ မဟုတ်။

ထို့အပြင် ကိုဇော်ဟန်သည် အလုပ်နှင့်ပတ်သက်လျှင် စေ့ စပ်သေချာသူဖြစ်ကြောင်း မမစွဲမက်လှိုင်မှတစ်ဆင့် သူကြားသိထား ပြီးသား ဖြစ်၏။

ကြက်ဆီဖူးကင်ကို နောက်တစ်ခေါက် သူကိုက်ဝါးလိုက် မိပြန်သည်။

* * * *



## အခန်း (၉)

မိနစ်အတော်များများ အာရုံစိုက်ထားမိသော စာရင်းဇယား စာရွက်အထပ်လိုက်ကြီးပေါ်မှ သူ့အကြည့်ကို ခွာလိုက်ပြီး ဦးခေါင်း ကို အသာမော့ကာ ခန္ဓာကိုယ်အား ထိုင်ခုံကျောမှီအတိုင်း နောက်ဖက် သို့ အလိုက်သင့် လှန်ချလိုက်သည်။

ပြီးတော့ မျက်လုံးတွေကိုလည်း မှိတ်ပစ်ရင်း ဝင်သက် ထွက်သက်ကို မှန်မှန်ရှူလိုက်၏။ အား ... ခုမှပဲ သူ့အကြော အခြင်တွေ နည်းနည်းပါးပါး ပြေလျော့သွားရသည်။

ထိုအနေအထားအတိုင်း သူဆက်နေဖြစ်သွားသည်။ ခဏ ကြာတော့ ...

“ဘယ်ကိုလဲ ... ဒီနေ့တော်တော်ထိသွားပြီလား”

ခပ်လှမ်းလှမ်းစားပွဲမှ မန်နေဂျာ ဦးမြမောင်၏ အသံမှန်း

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်မကြည့်ဘဲ သူသိလိုက်သည်။

သူက မျက်လုံးတွေကို အလျင်စလိုမဟုတ်စေရဘဲ ဖြည်းညှင်းစွာ ပြန်ဖွင့်လိုက်ရင်း …

"ထိတာပေါ့ ဦးမြမောင်ရယ် လချုပ်စာရင်းတွေက မနည်းမနောကိုးဗျ"

ဦးမြမောင်က ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ ထို့နောက် …

"ဒီလိုပဲပေါ့ မောင်ရင်ရယ် … ကိုယ်တို့အလုပ်ကလည်း စာရင်းအလွဲ၊ စာရင်းအတုတွေ ကင်းရှင်းပြီး စာရင်းအမှန်ကို အမြန်ဆုံး အထက်ကို ဆင့်ကဲတင်ပြဖို့ မဟုတ်လား"

"ဦးမြမောင်ပြောသလိုဆိုရင်တော့လည်း ကျွန်တော်တို့အလုပ်က ဂုဏ်ယူစရာပါပဲ … ဒါပေမယ့် လောလောဆယ်တော့ ပင်ပန်းတာပေါ့ဗျာ"

ပြောရင်း သူ့ခန္ဓာကိုယ်ကို အနည်းငယ် ပြန်မတ်လိုက်သည်။

သူ့စကားကို ဦးမြမောင်က ခေါင်းတဆတ်ဆတ် ထပ်ညိတ်ကာ …

"ဒါတော့ဒါပေါ့မောင်ရာ … မောင်တင်မကပါဘူး … လတိုင်း လတိုင်း ဒီအချိန်ဆို မောင့်လိုပဲ … ကိုယ်လည်း ပင်ပန်းတာပါပဲ … မောင်ရင် အခုစစ်ပြီးတဲ့ စာရင်းတွေကိုပဲ ကိုယ်က နောက်တစ်ခါစစ်ပေးပြီးမှ အထက်ကို ပြန်



တင်ရမှာလေ …

မောင်ရင်ပြီးရင်တောင် ကိုယ့်မှာက မပြီးသေးဘူး"

သည်တစ်ခါတော့ ဦးမြမောင်စကားကြောင့် မအောင့်အည်းနိုင်ဘဲ ပြုံးမိသွားပြီး …

"ခက်တော့တာပဲဗျာ … ကျွန်တော်က ပြေရာပြေကြောင်း နှစ်သိမ့်စကားလေးများကြားရမလားလို့ ညည်းတွားမိပါတယ် … ကိုယ်ကပြန်ပြီး နှစ်သိမ့်ပေးရမလို ဖြစ်နေပြီ"

"တတ်နိုင်ဘူးမောင်ရေ … အဲဒီတော့ ညည်းတွားမနေနဲ့တော့ … အလုပ်ပဲ ပြီးအောင်သာ ဖိလုပ်ပေတော့"

"အလုပ်က ဒီနေ့မပြီးသေးပေမယ့် သိပ်မကျန်တော့လို့ မနက်ဖြန်ဆိုရင်တော့ ပြီးလိမ့်မယ်ဗျ … အဲ … မနက်ဖြန်ကျရင် ကျွန်တော့်မိန်းမလည်း ပုဂံညောင်ဦးဘုရားဖူးခရီးကနေ ပြန်ရောက်မှာ … အဲဒီခါကျမှ မိန်းမကိုပဲ အလုပ်ပင်ပန်းတဲ့အကြောင်း ပြောပြပြီး နှစ်သိမ့်ခိုင်းတော့မယ်ဗျို့"

"ကောင်းလေစွ … ကောင်းလေစွ"ဟု ဦးမြမောင်က ခပ်ရွှဲရွှဲလှမ်းပြော၏။

သူကတော့ အလုပ်ရုံးခန်းနံရံပေါ်မှ တိုင်ကပ်နာရီဆီ အကြည့်ရောက်သွားမိသည်။

ရုံးဆင်းခါနီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရုံးဆင်းပြီးနောက် သူ့အိမ်ကို ပြန်သောခရီးက ခါတိုင်းလိုပင် ဘာမှ မထူးခြား။

အိမ်ပြန်ရောက်သည့်အခါ အလုပ်ထဲလာသမျှ အတိုးချ၍ ရေကို တစ်ဝကြီးချိုးပစ်လိုက်သည်။

ရေချိုးပြီးသွားတော့ အိမ်ရှေ့ဧည့်ခန်းထဲ သီချင်းကလေးတိုးတိုးဖွင့်ရင်း ဖိမ်ယူနေတုန်းမှာ သူ့ဗိုက်ထဲ ထိုးဆာလာ၏။

ပြဿနာက သူ့အိမ်မှာ ဘာမှ အရံသင့် ချက်ပြုတ်ပြီးသား မရှိခြင်းပင်။

အခုလို အိမ်မှာ သင်းပုံ့လှိုင်မရှိခိုက် ချက်ရပြုတ်ရတာ ရုံးပိတ်ရက်ဆိုကိစ္စမရှိ။

သို့သော် ရုံးဖွင့်ရက်တွေကျတော့ အဆင်မပြေ။ အပြင်မှာပဲ ဖြစ်သလို စားနေရ၏။

သူ့အိမ်တံခါးခြံတံခါးတွေ သေချာပိတ်ပြီး အပြင်ထွက်လာခဲ့သည်။

အချိန်က သိပ်မစောတော့သလို သိပ်လည်း နောက်ကျ၍ မနေသေးသောကြောင့် ဘာစားရမည်မှန်း သူချက်ချင်း စဉ်းခွဲမရ။

အဆာပြေရုံလောက် တစ်ခုခုစားရမည်လား။

ထမင်းပဲ တစ်ခါတည်း စားပစ်လိုက်ရမည်လား။

သေချာတာက လောလောဆယ် သူ့ဗိုက် အတော်ဆာနေပြီဆိုတာပင်။



နောက်ဆုံး အပြင်ထွက်ရမှာ ပျင်းသော သူ့အကျင့်ကြောင့် ထမင်းတစ်ခါတည်း စားသွားရန် ဆုံးဖြတ်လိုက်သည်။

ထမင်းဆိုင်က ထွက်လာတော့မှပဲ ညဖက်ပိုင်း ဗိုက်ဆာလျှင် အဆာပြေစားဖို့ လမ်းဘေးမုန့်ဆိုင်တစ်ဆိုင်ဆိုင်ကနေ မုန့်ဝင်ဝယ်သွားမည်ဟု သူစိတ်ကူးလိုက်၏။

ထိုစိတ်ကူးအဆုံးမှာ ထုံးစံအတိုင်း စားနေကျ ထမင်းဆိုင်လေးဆီ ခြေလှမ်းတွေက သူ့ကို သယ်ဆောင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သည်မနက် တယ်လီဖုန်းကြိုဆက်ထားသည့်အတိုင်း သူ့မိန်းမသင်းပျံ့လှိုင် ဘုရားဖူးခရီးစဉ်ပြီးဆုံး၍ အိမ်ပြန်ရောက်မည်ဖြစ်ရာ ပုံမှန်ထက်စောစီးစွာ သူအိပ်ယာနိုးနေသည်။

စိတ်ဆောင်၍ နိုးတာ ဖြစ်နိုင်သလို မနေ့က အလုပ်ပင်ပန်းသဖြင့် ညဖက်စောစောစီးစီး အိပ် ပျော်သွားခဲ့ခြင်းကြောင့် အိပ်ရေးဝပြီး နိုးလာတာလည်း ဖြစ်နိုင်သည်။

သို့ရာတွင် သူရုံးသွားရန် အစစအရာရာ ပြင်ဆင်ပြီးချိန်ထိ သင်းပျံ့လှိုင်တစ်ယောက် အိမ်သို့ ပြန်ရောက်မလာသေးချေ။

နောက်ဆုံးမှာ ရုံးနောက်ကျမည်စိုး၍ သူအိမ်မှ ထွက်လာခဲ့လိုက်သည်။ ထိုအတွက်ကြောင့် သင်းပျံ့လှိုင်ပြန်ရောက်အလာကို ခရီးဦးမကြိုလိုက်နိုင်တာကလွဲလျှင် တခြားကိစ္စတော့မရှိ။

အိမ်က သော့မှန်သမျှ သင်းပျံ့လှိုင်မှာလည်း အပိုတစ်စုံရှိနေသည် မဟုတ်လား။



ဘာပဲဖြစ်ဖြစ် ရုံးကိုသွားသော အချိန်မှာတော့ သူ့စိတ်က သိပ်မကြည်လင်ဘဲ ငူငေါင်နေမိသည်။

ဒါကလည်း ဟိုတစ်နေ့က ဖုန်းထဲကနေ သင်းပျံ့လှိုင်ပြောပုံအရဆိုလျှင် သည်အချိန်မှာ အိမ်ပြန်ရောက်သင့်နေပြီလေ။ ခုတော့ …။

စဉ်းစားရင်း သူ့ခေါင်းကို ခါယမ်းမိသွားသည်။ လမ်းမှာဘာများ ဖြစ်နေပါလိမ့်။ မမစွဲမက်လှိုင်တို့အိမ်သို့ ဖုန်းဆက်ကြည့်ရန် သူဖျတ်ခနဲ အကြံရလိုက်၏။

ကိုမြင့်ဆောင်နှင့် မမစွဲမက်လှိုင်တို့ တစ်မိသားစုလုံး ခရီးသွားကြပေမယ့် အိမ်စောင့်အဖြစ် လက်တိုလက်တောင်း လုပ်ပေးသော မဲလုံးနှင့် ပုရှူးမတို့ လင်မယားရှိသေးသည်။

လိုင်းကားပေါ်ကဆင်းပြီး ကုမ္ပဏီရုံးခန်းရှိရာဆီ သူလျှောက်သွားနေတုန်း လမ်းဘေးစတိုးဆိုင်တစ်ခုထဲ၌ တယ်လီဖုန်းတစ်လုံးကို အရုံသင့်တွေ့လိုက်ရသဖြင့် …

"ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့ … ဆက်ပါ"

ဆိုင်ရှင်အဒေါ်ကြီးက နေရာမကျသေးသည့် ပစ္စည်းတစ်ချို့ကို နေရာချရင်း ပြန်ပြော၏။

"ဟယ်လို … ဟယ်လို … မဲလုံးလား"

ဟိုဖက်ကနေ မဲလုံးက ဖုန်းလာကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျ … မဲလုံးပါ … ဘယ်သူလဲ မသိဘူး"

"ဟော့ … မဲလုံး … ငါပါကွ … ကြည့်သာဦးပါ"

"ဩော် … အစ်ကို … ပြော … အစ်ကို"

"အေး … မင်းအစ်ကိုတို့လင်မယားပြန်ရောက်ပြီလားကွ … ဘာထူးသေးလဲ … အဲဒါသိချင်လို့"

"ဟင့်အင်း … မရောက်သေးဘူးအစ်ကို … ကျွန်တော်တို့လည်း အခုစောင့်နေတာပဲ … ဘာမှလည်း မထူးပါဘူး အစ်ကိုရာ … အစ်ကိုရော ဘာထူးသေးလဲ"

"ငါလည်း ဘာမှမထူးပါဘူးကွာ … ကဲ … ကဲ မထူးရင်လည်း ပြီးတာပါပဲ … အဲဒါဆို ဒါပဲဟေ့"

သူ ဖုန်းပြန်ချလိုက်သည်။

ထို့နောက် စောစောက အဒေါ်ကြီးကို တယ်လီဖုန်းဖိုးကျ သင့်ငွေပေးပြီး ကုမ္ပဏီရုံးခန်းပေါ်တက်ရန် သူထွက်လာခဲ့လိုက်၏။

သူ့စိတ်ထဲကနေလည်း 'ဘာမှမထူးဘူးဆိုတော့ တကယ်ဘာမှမထူးလို့ပေါ့'ဟု တွေးလိုက်သေးသည်။

* * * *



တကယ်တမ်း ကုမ္ပဏီရုံးခန်းဆီရောက်တော့ မနေ့က လုပ်လက်စအလုပ်တွေကြား နစ်မြုပ်သွားကာ သင်းပွဲ့လှိုင်ကိစ္စကိုလည်း သူမစဉ်းစားနိုင်အားတော့။

မပြီးပြတ်သေးသော စာရင်းဇယားအလုပ်တွေနှင့် အချိန်အတော်ကြာသည်ထိအောင် သူရှုပ်ယှက်ခတ်နေဖြစ်သည်။

နေ့လယ်စာစားခါနီးအချိန်ရောက်မှပဲ သူ့ကိုယ်သူ အတော်ကလေး ညောင်းညာနေမှန်း သတိထားမိသွားပြီး လုပ်လက်စအလုပ်တွေကို သူခဏနားလိုက်၏။

သူ့ခန္ဓာကိုယ်ကိုလည်း လုပ်နေကျအတိုင်း ထိုင်ခုံကျောမှီပေါ် နောက်လှန်ဖြေလျှော့ကာ မျက်လုံးတွေကို အသာမှိတ်ထားလိုက်သည်။

ခဏကြာတော့ သူ့မျက်လွှာတွေ ပြန်ဖွင့်ရင်း ဘေးဝဲယာဆီ အကြည့်ရောက်သွား၏။

ခပ်လှမ်းလှမ်းစားပွဲမှာ စာရင်းဇယားစာရွက်စာတမ်းပုံကြီးထဲ ခေါင်းစိုက်နေသော မန်နေဂျာဦးမြမောင်ကို တွေ့တော့မှ …

"ဒီနေ့တော့ တယ်တိတ်နေပါလား … ဦးမြမောင် … အလုပ်တွေ ပိနေပြီလားဗျ"

သူ့အသံကြောင့် ဦးမြမောင် ဖျပ်ခနဲ သူ့ကို မျက်နှာမော့ကြည့်လိုက်ရာ …

"အိုး"

ရုတ်တရက်မို့ သူမှင်သက်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာက ဦးမြမောင်၏ မျက်နှာမဟုတ်။

''အဟဲ ... ဟိုလေ ... ဆရာဦးမြမောင်က ခုလေးတင်ပဲ ရုံးအောက် ခဏဆင်းသွားတယ်ခင်ဗျ''

ရည်ရည်မွန်မွန်ပုံစံဖြင့် ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးတစ်ယောက်။

''ဟုတ်လား ... နေပါဦး ... ညီလေးက ဘယ်သူလဲ''

ဦးမြမောင်၏ အလုပ်စားပွဲမှာ ခပ်တည်တည်ဝင်ထိုင်နေခြင်းကြောင့် သူသိဖို့လိုသည်။

''ကျွန်တော် ဦးမြမောင်ရဲ့ သားပါခင်ဗျ ... အဖေ့ဆီ ခဏလာရင်း ... ကျောင်းစာတွေ ထုတ်ကြည့်နေတာ''

ခုမှပဲ ရှင်းသွားတော့သည်။

လက်စသတ်တော့ မန်နေဂျာ ဦးမြမောင်၏ သားကြီးဖြစ်သူ ဆေးကျောင်းသား ရှိုင်းဇေယျမောင်ဆိုတာ သည်ကလေးပဲကိုး။

''ဪ ... ဆရာဦးမြမောင်ရဲ့သားကိုး ... သိပြီ ... သိပြီ''

သူပြုံးပြ အသိအမှတ်ပြုကာ အကြည့်ပြန်လွှဲလိုက်သည်။

သူ့စားပွဲပေါ်မှ စာရွက်စာတမ်းများကို စနစ်တကျပြန်စုစည်းဖို့ ဟန်ပြင်လိုက်စဉ်မှာပင် သူ့ဗိုက်ထဲက ဗွီခနဲ အချက်ပေးမြည်သံ ထွက်ပေါ်လာ၏။

◈ ◈ ◈ ◈



တစ်နေကုန် အလုပ်များကို အပြတ်ပြီးစီးအောင် စိတ်သွင်းအာရုံစိုက်ခဲ့ရသဖြင့် ကိုယ်စိတ်နှစ်ပါး ပင်ပန်းလွန်းသွားတာကြောင့်ပဲလား။

ဒါမှမဟုတ် တစ်နေကုန် သူ့မိန်းမသင်းပျံ့လှိုင်ဆီက ဘာသတင်းမှ မကြားမိ၍ စနိုးစနောင့်ဖြစ်နေတာကြောင့်ပဲလား။

ဒါမှမဟုတ် အထက်ပါအကြောင်းနှစ်ခုစလုံးနှင့် ပတ်သက်ပြီး စိတ်ကူးတွေ ညစ်ကျုံရှုပ်ထွေးနေမိတာကြောင့်ပဲများလား။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် သေချာတာကတော့ သည်နေ့ ရုံးအပြန်ခရီးက သူ့အတွက် စိတ်ရောလူပါ ညှိုးနွမ်းနောက်ကျိနေတာ အမှန်ပင်။

အရေးထဲ လိုင်းကားကလည်း အပြန်မှာ လူကြပ်နေသေးသည်။ ထိုလူအုပ်ကြပ်ကြပ်ထဲ ငူငူငေါင်ငေါင်နှင့် သူလိုက်ပါလာခဲ့သည်။

မှတ်တိုင်ရောက်၍ ကားပေါ်မှဆင်းပြီး အိမ်ပြန်လာတော့လည်း လမ်းတစ်လျှောက်လုံး သူ့ခြေလှမ်းတွေက စိတ်မပါဘဲ ရှိနေစဉ်။

''ဟင်''

ဘာမှ သိပ်ကြီးကျယ်သော ကိစ္စတော့မဟုတ်။

သို့သော် နည်းနည်းတော့လည်း ဘဝင်မကျချင်။

တခြား မဟုတ်။ အိမ်နှင့်ကားမှတ်တိုင်သို့ ကူးသန်းသွားရာလမ်းပေါ်ရှိ ယခင်အုပ်ချုပ်ဆိုင်နေရာတွင် စတိုးဆိုင်တစ်ဆိုင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်။

မနက်က သူအိမ်မှ ထွက်လာတုန်းကတောင် အပ်ချုပ်ဆိုင်လေး ဖွင့်ထားတုန်း ရှိသေးသည်။

ခုမှ ဖြုန်းစားကြီး ဘာဖြစ်ရသည်မပြောတတ်။

"ဟောဗျာ"

ထပ်ပြီး အံ့အားသင့်မိရပြန်သည်။

မလှမ်းမကမ်းက ထမင်းဆိုင်လေးလည်း မရှိတော့။

ထိုထမင်းဆိုင်လေးနေရာမှာ ရောက်နေတာက အလှပြင်ဆိုင်တစ်ဆိုင်။

သူ့အကြည့်ကို အလျင်စလို ရွှေ့ကြည့်လိုက်သည်။

"အား"

နောက်တစ်ခု။

မနက်ကပဲ ပြင်လက်စ စက်ဘီးသုံးလေးစီး ထောင်ထားသည့် စက်ဘီးပြင်ဆိုင်လေးအစား ရနိုင်မုန့်တီဆိုင်တစ်ဆိုင်ကို သူမြင်လိုက်ရ၏။

စားသုံးသူ အနည်းငယ်တောင် ထိုင်နေကြသေးသည်။ အေးအေးသူလူ အသွင်မျိုးပါပဲ။

"မဟုတ်သေးပါဘူး ... တစ်ခုခုတော့ တစ်ခုခုပဲ" ဟု တွေးရင်း သူ့ခြေလှမ်းတွေ သိသာစွာ မြန်ဆန်သွားသည်။



"အိုး"

သည်တစ်ခါလည်း သူတော်တော်ကြီးကို အံ့သြတကြီး ဖြစ်သွားရပြန်၏။

အရင်လက်ဖက်ရည်ဆိုင်နေရာတွင် စည်ဘီယာဆိုင်တစ်ဆိုင်ဖြစ်နေလေပြီ။

သူရှေ့နောက်တောင်မြောက်ဝဲယာ လှည့်ပတ်ကြည့်မိလိုက်သည်။

သေချာသည်။ မမှား။

သည်လမ်းသည် သူ့အိမ်သို့ နေ့စဉ် သွားလာနေသည့်လမ်း။

သည်ရပ်ကွက်သည် သူကာလအတန်ကြာသည်ထိ နေထိုင်ခဲ့သည့် သူ့ရပ်ကွက်။

မမှားပါ။

သူခေါင်းကို ဘယ်ညာခါရမ်းပစ်လိုက်သည်။

ခေတ်ကြီး အပြောင်းအလဲ တယ်မြန်ဆန်လွန်းလှ၏။

ထိုအချက်ကို ယခုမှပဲ အမှန်သူတကယ် လက်ခံယုံကြည်သွားမိလေသည်။

* * * *

www.burmeseclassic.com

## အခန်း (၁၁)

အဝေးမှနေ၍ အိမ်ကလေးကို လှမ်းကြည့်လိုက်သောအခါ သူမျော်ရှင် ဝမ်းမြောက်သွားသည်။

ပြတင်းပေါက်တချို့ ဖွင့်ထားသော အိမ်ကလေးသည် သူ့မိန်းမသင်းပျံ့လှိုင်ပြန်ရောက်ရှိပြီဖြစ်ကြောင်း သူ့ကိုလှမ်းကာ သတင်းပေးနေသယောင် ရှိ၏။

ပြန်ရောက်နေတာများ ဘာဖြစ်လို့ ငါ့ဆီ ဖုန်းမဆက်ရတာလဲ ...။ သူ အနည်းငယ်မကျေမနပ် ဖြစ်မိသွားသေးသည်။ ပြီးမှ ... အင်းလေ ... သူလည်း ခရီးပန်းလာလို့ နေမှာပေါ့ဟု သူ့ဘာသာ သူ ပြန်ဖြေတွေးလိုက်၏။

တကယ်တမ်း ပြောကြကြေးဆိုလျှင် သူ့အပြစ်လည်း မကင်း



သူက ရုံးမှာ တယ်လီဖုန်း အဆင်သင့်ရှိတာတောင် တစ်နေကုန်နေလို့ ဘယ်ကိုမှ မဆက်ဖြစ်။

အနည်းဆုံးတော့ အကျိုးအကြောင်းသိအောင် မမစွဲမက်လှိုင်တို့အိမ်သို့ တစ်ခေါက်လောက်ဖြစ်ဖြစ် ဆက်ကြည့်ဖို့ ကောင်းသည်။

ဒါကလည်း မနက်ခင်းရုံးတက်ခါစတုန်းက မမစွဲမက်လှိုင်တို့အိမ်ကို တစ်ကြိမ် ဖုန်းဆက်ပြီးသားဖြစ်ရာ မဲလုံးလာကိုင်ပြီး အကြောင်းမထူးတာကတစ်ကြောင်း။

လုပ်လက်စ ရုံးအလုပ်စာရင်းဇယားတွေ မပြတ်သေး၍ တခြားအာရုံဆီ သူမလွှဲလိုတာက တစ်ကြောင်း။

နောက်ဆုံးတစ်ကြောင်းကတော့ တကယ်၍ သင်းပျံ့လှိုင်ပြန်ရောက်ပါက သူ့ဆီ နီးရာတယ်လီဖုန်းမှတဆင့် ဆက်သွယ်မည်ဟုတစ်ထစ်ချယူဆထားသောကြောင့် တစ်ကြောင်းစသဖြင့် ...။

❒ ❒ ❒

အိမ်ရှေ့ခြံဝရောက်တော့ လူခေါ်ခေါင်းလောင်းကြိုးကလေးကို သူခပ်တင်းတင်း လှမ်းဆွဲလိုက်သည်။

"ကလောင် ... ကလောင် ... ကလောင်"

ခေါင်းလောင်းလေးဆီမှ အသံလှိုင်းများက အိမ်ပတ်ဝန်းကျင်အနှံ့ ဂယက်ထသွားၡ၏။

www.burmeseclassic.com



သို့တိုင်အောင် အတန်ကြာသည်ထိ အိမ်ထဲမှ တစ်စုံတစ်ရာ လှုပ်ရှားမှုမျိုး မတွေ့ရသဖြင့် ကြိုးကလေးကို နောက်ထပ်တစ်ကြိမ် သူထပ်ဆွဲလိုက်ရပြန်သည်။

"ကလောင် … ကလောင် … ကလောင်"

သည်တစ်ခါမြည်သော ခေါင်းလောင်းသံလေးက စောစောကထက် ပိုမိုတုန်ခါစွာဖြင့် ဝန်းကျင်တစ်ခုလုံး၏ လေထုထဲသို့ ထပ်မံရိုက်ခတ်သွားသည်။

"ဟော …"

အိမ်ထဲမှ လှုပ်လှုပ်ရှားရှားပုံရိပ်တစ်ခုကို လှစ်ခနဲမြင်လိုက်ရ၍ သူဝမ်းသာသွားသည်။

သူကြည့်နေစဉ်မှာပင် အိမ်တံခါးက ညင်သာတိကျစွာ ပွင့်လာ၏။

"ဟင် …"

ရုတ်တရက် စဉ်းစားမရလောက်အောင် သူ့ဒေါသတစ်ချို့ ဆုပ်ပွက်သွားမိသည် ထင်သည်။ သို့ရာတွင် ချက်ချင်းပင် သူ့စိတ်သူ ထိန်းလိုက်နိုင်၏။

"ဘာကိစ္စလဲခင်ဗျ"

အိမ်ထဲမှ ထွက်လာသည့် လှစိမ်းက သူ့ကို စူးစမ်းသလို ကြည့်ကာ မေးလိုက်သည်။

သူကလည်း အနည်းငယ်သရော်တော်တော်ဆန်သော လေ



ဖြင့် လှစိမ်းကို တမင်တကာ အငေါ်တူးပြန်ဖြေလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

လှစိမ်းကလည်း မခေ။

"ဘာကိစ္စရှိလို့လဲ"

စောစောကထက် ပိုမာသည့် လေသံဖြင့် ထပ်မေးသည်။

"မင်းက ဘယ်သူလဲ … သင်းပျံ့လှိုင်ရော ဘယ်မှာလဲ … လာပါ … တံခါးသာ လာဖွင့်စမ်းပါ"

သူ့အသံတွေက ဒေါသပွက်နေမှန်း အလွယ်တကူ သိသာနေသည်။

လှစိမ်းက သူ့စကားကြောင့် တစ်ချက်ကြောင်သွားသည်။ ပြီးမှ …

"ခဏနေဦး"

သူ့ကို လက်လှမ်းကာပြပြီး အိမ်ထဲ လှည့်ဝင်သွားသည်။ သိပ်မကြာခင်မှာပင် အိမ်ရှေ့သို့ လှစိမ်း ပြန်ရောက်လာသည်။ လှစိမ်းနှင့်အတူ အမျိုးသမီးတစ်ဦးလည်း နောက်မှ ကပ်ပါလာ၏။

သူ့မိန်းမ သင်းပျံ့လှိုင်။

"သင်းပျံ့ … ဘယ်တုန်းက ပြန်ရောက်တာလဲ … ဦးကောင်ကရော ဘယ်ကပါလာတာလဲ … လာပါဦး … ကိုယ့်ကို တံခါးလာဖွင့်ပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သင်းပုံ့လှိုင်က သူ့ကို ငေးကြောင်ပြီး ကြည့်နေသည်။

"မိန်းမ ... မင်းဘာဖြစ်နေတာလဲ ခရီးထွက်တာ ဘာတွေဖြစ်နေလို့လဲ"

သူ့မေးခွန်းများကို နားမလည်သည့်အလား သင်းပုံ့လှိုင်၏ အပြုအမူက ထူးဆန်းလွန်းနေသည်။

"သူ့ကို သင်းပုံ့မသိဘူး ... ကိုဦး"

သင်းပုံ့လှိုင်စကားက သူ့ကို ရည်ရွယ်ပြောခြင်း မဟုတ်။ ဘေးမှ လူစိမ်းကို မော့ကြည့်ကာ ပြောလိုက်ခြင်းသာ ဖြစ်လေ၏။

◈ ◈ ◈ ◈

သာမာန်လူသားတို့သည် ဘဝဆိုသော အရာကို အလုံးစုံ ထွင်းဖောက်သိမြင်ရန် လွယ်ကူမည် မဟုတ်ချေ။

ရင်ဆိုင်ကြုံတွေ့ရသမျှ ကိစ္စရပ်တွေအပေါ် လက်တွေ့ကျ ကျ ဖြေရှင်းရန် အားယူလှုပ်ရှားလိုက်ချိန်၌ ဘဝသည်--အိပ်မက်အဖြစ် ပြောင်းလဲကာ အူကြောင်ကြောင်နှင့် နိုးထ လိုက်ရတာမျိုး ဖြစ်သွားတတ်သည်။

အိပ်မက်အဖြစ် မှတ်ထင်ပြီး သိစိတ်မဲ့မျောပါ ဆောင်ရွက်မှုများသည်လည်း တကယ်တမ်းကျတော့ အိပ်မက်မဟုတ်ဘဲ လက်တွေ့ဘဝစစ်စစ် ဖြစ်ချင်ဖြစ်နေတတ်ပြန်သည်။



သို့သော် ...

ယခု သူကြုံတွေ့နေရသည့် ဖြစ်ရပ်များကိုတော့ လက်တွေ့ဘဝလား အိပ်မက်လား။

သူသေချာကျနစွာ မဝေခွဲတတ်တော့။

"ခက်တော့တာပဲဗျာ ... ဒီမယ် ဥက္ကဋ္ဌကြီး ... ခင်ဗျားတို့ အားလုံး ကျွန်တော့်ကို ဝိုင်းစားနေကြတာလား"

ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းဖော်က သူ့ကို မျက်မှောင်တစ်ချက် ကုတ်ကြည့်ရင်း ...

"ကဲ ... ကဲ ... အားလုံးထိုင်ကြပါဦး ... အေးအေး ဆေးဆေးဖြေရှင်းကြတာပေါ့"

ရပ်ကွက်ရုံးထဲ သူတို့ရောက်နေခြင်းပင်။

"ကဲဗျာ ... ခင်ဗျားတို့ကိစ္စကို သိသင့်သလောက် သိပြီးပြီး ဆိုတော့ လိုရင်းပဲ မေးမယ်။

မသင်းပုံ့လှိုင်အနေနဲ့ ဒီလူကို မသိဘူးလား"

ဥက္ကဋ္ဌ ဦးထွန်းဖော်က စားပွဲတစ်ဖက်မှ ထိုင်ခုံများပေါ် ထိုင် ပြီးပြီးချင်း မေးခွန်းတွေ စတော့သည်။

"မြင်ဖူးသလိုလိုတော့ ရှိတယ် ... ဒါပေမယ့် မသိဘူး ရှင်"

www.burmeseclassic.com

"ဘာမသိဘူးလဲ … သင်းပျံ့ … မင်း …"

လွှတ်ခနဲ ဝင်အော်မိသွားသော သူ့အသံကြောင့် အားလုံး ကြောင်တက်တက် ဖြစ်သွားကြသည်။

ထိုအခိုက ဘာကိုမှ ထိန်းချုပ်ဖို့ သူမစဉ်းစားနိုင်တော့။

"ဘာမြင်ဖူးသလိုလိုရှိတာလဲ … ဒီမှာ သင်းပျံ့ … မင်း … စိမ်းစားဥကြိုက်တယ် … သစ်တော်သီး ကြိုက် တယ် … သရက်သီးသေးသေးကွတ်ကွတ်လေးတွေ ကြိုက်တယ် … အဝတ်အစားဝတ်ရင် ပန်းရောင်ကြိုက် တယ် … မီးခိုးရောင်ကြိုက်တယ် … ဆံပင်ကို ခုလို အရှည်ထားရတာ သဘောကျတယ် … မင်းကြိုက်တဲ့ စာရေးဆရာက မင်းလူနီကိုရဲ … မင်းနောက်ဆုံးကြိုက်တဲ့ ရုပ်ရှင်က EXTRAOPDINARY MeASURES … ဒူးရင်းသီးဆို မင်းအနံ့တောင် မခံနိုင်ဘူး … နောက်ပြီး ရေတာပိုင်းတစစိုနေတဲ့ လုံချည်တို့ ထမိန်တို့က ထွက်တဲ့အနံ့ လည်း မင်းမကြိုက်ဘူး … နောက်ပြီး မင်းဘယ်တုန်းက မှ မကြိုက်တဲ့ အဝတ်အစားအရောင်က အဝါရောင်"

ရပ်ကွက်ရုံးထဲ ရှိသမျှ လူအားလုံး သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို အံ့သြစွာ ဝိုင်းကြည့်နေကြသည်။

အထူးသဖြင့် သင်းပျံ့လှိုင်။

ပါးစပ်အဟောင်းသားဖြင့် သူ့ကို စိုက်ကြည့်နေဆဲ …



"မပြီးသေးဘူး … မင်းနဲ့ကိုယ်နဲ့လက်ထပ်တာ အောက် တိုဘာ နှစ်ဆယ့်ရှစ်ရက်၊ အင်္ဂါနေ့၊ သက္ကရာဇ် ၂၀-ခုနှစ် …၊ ပြီးတော့ မင်းမွေးနေ့က ဇွန် ၁၉ .. ခုနှစ် ဟုတ်ပြီ လား … နေဦး … မင်းအမျိုး ကိုယ့်အမျိုးတွေအကြောင်း ပြောပြရဦးမလား … မင်းအဖေနာမည် … မည်"

"တော်ပါ … တော့"

သင်းပျံ့လှိုင်၏ အော်သံက မထင်မှတ်ဘဲ အတော်ကလေး စူးရှကျယ်လောင်သွားသည်။

အသံကြောင့်အားလုံး လန့်ဖျပ်ပြီး သတိပြန်ဝင်သွားကြ၏။

"စိတ်ကိုထိန်းပါ … သင်းပျံ့လှိုင် … စိတ်ထိန်းပါ"

ဥက္ကဋ္ဌဦးထွန်းဇော်လည်း အခုမှ အခြေအနေကို ဝင်ထိန်းရန် သတိရသွားပုံရ၏။

"ဒီလူက ရည်ရွယ်ချက်ရှိရှိနဲ့ ကျွန်တော်တို့ လင်မယားကို ဒုက္ခပေးဖို့ ကြံစည်နေတာပဲဗျ … ဒီလူ ကျွန်တော်တို့ အကြောင်းကို အကုန်သိနေတယ် ဥက္ကဋ္ဌကြီး"

လူစိမ်းက ထိတ်ထိတ်ပျာပျာဝင်ပြောသည်။

"ဒါဆို ဒီလူစောစောက ပြောတာတွေက အားလုံးအမှန် ပဲလား … မသင်းပျံ့လှိုင်"

သင်းပျံ့လှိုင်က ခေါင်းကို စိတ်မပါလက်မပါပုံစံဖြင့် ညိတ်

www.burmeseclassic.com



ပြလိုက်တော့ ဥက္ကဋ္ဌကြီး ဦးထွန်းဇော် မျက်လုံးပြူးသွားသည်။

ချက်ချင်းပင် သူဖက်လှည့်၍ …

"ဒီမယ် … ကိုကြည်ဘယ်သူ … အဲ … ထားပါ ခင်ဗျားနာမည် … ခင်ဗျားဘာရည်ရွယ်ချက်နဲ့ ကိုကျော်နိုင်ဦးတို့ လင်မယားအကြောင်း အတွင်းကျကျ စုံစမ်းထားရတာလဲ"

"ဘာဗျ … ဘာကိစ္စ ကျွန်တော်က သူများလင်မယားအကြောင်း စုံစမ်းရမှာလဲ … ဒီနေ့ ဘာနေ့လဲ … ကမ္ဘာကြီးပြောင်းပြန်ဖြစ်နေပြီလား … ဟောဒီက သင်းပုံလိုင်ဟာ ကျွန်တော့်မိန်းမပါဗျ"

သူ့ကို ဥက္ကဋ္ဌကြီး ဦးထွန်းဇော်က မယုံသင်္ကာဟန်ဖြင့် …

"ခင်ဗျား ကျွန်တော်တို့ကို ဘာသက်သေပြနိုင်လဲ"

တစ်ခွန်းချင်း ပြတ်သားစွာ သူပြန်ပြောလိုက်၏။

"တစ်ကမ္ဘာလုံး သက်သေရှိတယ် … ပြီးတော့ ဥက္ကဋ္ဌကြီးရဲ့အကြောင်းတွေကိုလည်း ဒီကောင် ကျော်နိုင်ဦး သိသလောက်တော့ ကျွန်တော်လည်း သိတယ်"

"ဗုဒ္ဓေါ"

❖ ❖ ❖ ❖



အခန်း (၁၂)

သူ့ဦးခေါင်းတစ်ခုလုံး ချာချာလည်နေသည်။

ဘာကြောင့် ဘာတွေ ဘယ်လိုဖြစ်သွားမှန်း သူလုံးဝ (လုံးဝ) နားမလည်။

သူကိုယ်သူတော့ မရူးသေးဘူး ထင်သည်။

သို့သော်လည်း အများစုက သူ့ကို အရူးတစ်ယောက်လို ဝိုင်းဆက်ဆံနေကြသည်။

သူပြောသမျှ အချက်အလက်တွေ အားလုံးနီးပါး မှန်ကန်နေခြင်းကြောင့်သာ သူ့ကို အရူးတစ်ယောက်အဖြစ် တရားဝင် မသတ်မှတ်ကြသေးတာ ဖြစ်သည်။

အများစုက သူ့ကို မှတ်ဉာဏ်ကောင်းသည့် ကြောင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်အဖြစ် မြင်နေကြသည်။

တချို့ကကျတော့ အန္တရာယ်ကြီးသော လူလိမ်တစ်ယောက်အဖြစ် အစစအရာရာ သတိထားပြီး မယုံသင်္ကာဖြစ်နေကြပြန်သည်။

တချို့ကျပြန်တော့ ဘယ်လိုမှ ထင်မြင်ချက်မထားဘဲ ထူးဆန်းသော အမှုကိစ္စတစ်ခုအဖြစ် အခြေအနေကို စောင့်ကြည့်နေကြ၏။

ဥက္ကဋ္ဌကြီး ဦးထွန်းဇော်အပါဝင် ရပ်ကွက်ရုံးမှ ဟိုယခင်သူသိကျွမ်းခဲ့ဖူးသူ တစ်ယောက်စ နှစ်ယောက်စ၏ အချက်အလက်အတော်များများကို မှန်ကန်အောင် သူဖြေဆိုလိုက်ပြီးနောက်တွင် အခြေအနေက တစ်မျိုးပြောင်းသွား၏။

ပိုမိုကောင်းမွန်လာခြင်းတော့ မဟုတ်။

ဥက္ကဋ္ဌကြီး ဦးထွန်းဇော်နှင့် ရပ်ကွက်ရုံးမှ လူများကပါ သူ့ကို လန့်လာကြသည်။

ကျော်နိုင်ဦးနှင့် သင်းပုံ့လှိုင်တို့ကိုသာမကဘဲ အားလုံးကိုပါ လိမ်လည်ရန် ကြိုတင်ကြံစည်ထားသူအဖြစ် သူ့ကို မယုံသင်္ကာဖြစ်လာကြခြင်းပင်။

ဒါကို ရိပ်မိလိုက်တော့ ချာချာလည်နေသော သူ့ဦးခေါင်းက ပိုပြီးတော့ ခေါင်းချာစိုင်းသွား၏။

တစ်ဘဝလုံးလုံး တစ်ခါဖူးမှ မစဉ်းစားခဲ့မိသော အံ့သြဘနန်း



ချောက်ကျမှုတစ်ခုထဲ ကျရောက်နေပြီဖြစ်မှန်း သူ့ကိုယ်သူ ပြန်သုံးသပ်မိလိုက်သည်။

ဘုရား .. ဘုရား ... အဲဒါကြောင့် ငါကားပေါ်ကဆင်းပြီး လမ်းလျှောက်လာကတည်းက လမ်းမှာ ထူးခြားတဲ့ ပြောင်းလဲမှုတွေနဲ့ ဆက်တိုက်ကြုံခဲ့ရတာကိုး။ တစ်ခုခုကို ရုတ်တရက် သိမြင်လိုက်ရသလို သူခံစားမိသွား၏။

မဖြစ်ဘူး ... ငါဒီအတိုင်း ဖြေရှင်းလို့ မရတော့ဘူး ... ငါသိတာတွေ အကုန်ပြောလေ ငါ့ကို ပိုမယုံလေ ဖြစ်မှာပဲ။ သူသိမှုတွေက သူ့ကို ကြိုးကွင်းပြန်စွပ်လာမည်ကို ခါးသီးစွာ သူရိပ်စားမိလိုက်သည်။

ငါ ဘာလုပ်ရမလဲ။

အတွေးနှင့်အတူ ခေါင်းချာစိုင်းနေသော သူ့ဦးခေါင်းက တဖြည်းဖြည်းချင်း လေးလေးမှန်မှန်ဖြင့် ပြန်လည်ငြိမ်သက်စပြုလာခဲ့လေပြီ။

□ □ □

"ကဲ ... ဒီလိုလုပ် ...

ခင်ဗျားတို့မေးသမျှ ကျွန်တော်ဖြေနေလို့လည်း အဟုပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်တော့်ဖက်က ပါမယ့်သူ သက်သေကျွန်တော် ခေါ်မယ်''

သူ့စကားကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

ကျော်နိုင်ဦးက ...

''နေပါဦး ... ခင်ဗျားက ဘယ်ကနေပြီး လူသက်သေ ခေါ်မှာလဲ''

''အဲဒါ မင်းအလုပ်မဟုတ်ပါဘူး ... အဓိကက ငါ ဘာကောင်လဲဆိုတာ ပြဖို့ သက်သေ ... အားလုံးယုံမယ့် အထောက်အထားပေါ့ကွာ''

ကျော်နိုင်ဦး မျက်မှောင်ကြုတ်သွားသည်။

ယုံကြည်ပုံတော့ မရ။

သို့သော် ဘာမှလည်း ထပ်မမေးတော့။

''ထားပါတော့ ဒါပေမယ့် အဲဒီလူသက်သေ ဘယ်လိုခေါ်မှာလဲ''

ဥက္ကဋ္ဌကြီး ဦးထွန်းဇော်က မယုံသင်္ကာဖြင့် မေးလာသည်။

''သူမှာ ဖုန်းတော့ မရှိဘူးဗျ ... အဲတော့ ... ကျွန်တော် ကိုယ်တိုင်သွားခေါ်မှ ဖြစ်မှာ ...''

သူ့စကားအဆုံးမှာ ဥက္ကဋ္ဌကြီး ဦးထွန်းဇော်က ရယ်သည်။

''ဘာလဲ နောက်ထပ်လူလိမ်တစ်ယောက်ကို သွားခေါ်ဦး မလို့လား ... ဟား ... ဟား ... ဟား နေပါစေတော့



ဗျာ''

ကျန်လူအားလုံးလည်း ပြုံးစိ ပြုံးစိ ဖြစ်သွားကြသည်။

အခိုက်အတန့်အားဖြင့် သူ့မှင်သက်မိသွားသည်။ ဒေါသ တောင် မထွက်နိုင်အောင် သူမှင်သက်မိသွားသည်။

''မိုးလည်း ချုပ်တော့မယ် ဒီကြောင်တောင်တောင်ကိစ္စကို ပြီးအောင် ဖြတ်ပေးပါတော့ ... ဥက္ကဋ္ဌကြီးရယ်''

စိတ်ရှုပ်ထွေးစွာဖြင့် သင်းပုံ့လိုင် ဝင်ပြောလိုက်မှ ဥက္ကဋ္ဌ ကြီး အချိန်အခါကြည့်ဖို့ သတိရ၏။

''အေး ... မှေ့နေလိုက်တာ ... ကြာပါတယ် ... ဒီကောင့်ကို မသင်္ကာမှုနဲ့ ရဲစခန်းပို့လိုက်ရင် ကောင်းမလား ပဲ''

ပြောရင်း ဥက္ကဋ္ဌကြီး ဦးထွန်းဇော်က ကျော်နိုင်ဦးဖက် လှည့် ကြည့်သည်။

''လက်ခံလား''ဆိုသည့် သဘော။

''ဟင့်အင်း ... မပို့နဲ့ ဥက္ကဋ္ဌကြီး ... ဒီကိစ္စကို စခန်းတွေ ဂတ်တွေထိ မရောက်စေချင်ဘူး''

ဥက္ကဋ္ဌကြီး ဦးထွန်းဇော်က ခေါင်းကို ကုတ်သည်။

''အဲဒါဆို ဘယ်လိုလုပ်ရမလဲ ကိုကျော်နိုင်ဦးရ''

''အင်း ... ဒီလူက သူခိုးလည်းမဟုတ် ... ဓားပြလည်း မဟုတ်တော့ ဟိုဟာလေ ... နည်းနည်းလွှတ်နေတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်တယ် … အဲဒီတော့ သူ့မှာ သွားစရာနေရာ တော့ ရှိမယ်ထင်တယ်''

ကျော်နိုင်ဦးက ခေါင်းကို လက်ညှိုးနှင့် ထောက်ခါပြကာ ပြောသည်။

''အေးကွာ … လွှတ်လိုက်လို့ မတော် … လမ်းတွေ့ တဲ့လူ ထပ်လိမ်နေရင် ခက်မယ်နော် … ကြောင်တာပဲ လား … လိမ်ညာနေတာပဲလား … ဘာမှန်းကို မသိတဲ့ ကောင်ပါကွာ''

''ဒီလိုလုပ်ပါလား''

သင်းပုံ့လှိုင်က အကြံပေးရန် စကားစလိုက်ပြီး …

''တခြားနေရာမှာ လိမ်ချင်လိမ်ပစေ … ဒါပေမယ့် ဒီ ရပ်ကွက်ထဲ နောက်ထပ်ရောက်မလာအောင်တော့ မှတ် လောက်သားလောက်အောင် နည်းနည်းပါးပါးဆုံးမပြီး ပြန် လွှတ်လိုက်ပေါ့''

အလိုလေး … သင်းပုံ့လှိုင်က သည်လို ရက်စက်သည့် မိန်းမမှန်း သူအခုမှပဲ သိရတော့သည်။ ကြည့်စမ်း … ငါဟာ သူ့ ယောက်ျားဆိုတာ မသိဘူးတဲ့လား။

သူ အသက်ရှုတောင် နည်းနည်းကြပ်သွားသလို ထင်မိလိုက် သည်။

ဘာစကားမှ ဝင်ပြောဖို့ ဆန္ဒမရှိ။ ပြောလည်း သူ့စကားတွေ



ကလည်း အပြင်က စကားတွေလဲ ဖြစ်နေမည်။ တရားမဝင်။

နောက်ဆုံးမှာ သင်းပုံ့လှိုင်၏ အကြံပေးချက်က အတည် ဖြစ်သွား၏။

''ဟော့ကောင် … ထ … လာ … လိုက်ခဲ့''

ဥက္ကဋ္ဌကြီး ဦးထွန်းဇော်၏ ရပ်ကွက်ရုံးမှ လူဆိုးထိန်း ဘဦး က သူ့အင်္ကျီကော်လံစ လာဆွဲပြီး တစ်နေရာသို့ ခေါ်သည်။

''ဟာ … ကိုဘဦး … ခင်ဗျားမှားမယ်နော် … ခင်ဗျားမိန်းမ ခင်တင့်မှာလည်း ကိုယ်ဝန်ကြီးနဲ့ မဟုတ်လား''

လူဆိုးထိန်းဘဦး ခဏ ကြောင်အမ်းသွားသည်။ ပြီးမှ …

''သြော် … မင်းက ငါ့ကိုတောင် လိမ်ဦးမလို့ပေါ့လေ … လာ … မင်းကို မှတ်လောက်အောင် ဆုံးမရမယ်''

ပြောလိုက်ကာမှ ပိုဆိုးသွားသည်။

လူဆိုးထိန်းဘဦး၏ ဆွဲခေါ်ရာနောက် သူယက်ကန်ယက်ကန် ဖြင့် ထရွတ်ဆွဲမတတ် လိုက်ပါသွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

သန့်ရှင်းသပ်ရပ်သော အိမ်ခြံဝန်းလေးရှေ့မှာ သူစီးလာသည့် (Taxi) ကားလေးက ကျွီခနဲ ထိုးရပ်တန့်သွားသည်။

ကားပေါ်မှ ချက်ချင်းမဆင်းဖြစ်သေးဘဲ သူချီတုံချတုံ ဖြစ်နေမိ၏။

အကယ်၍များ ငါ့ကို မမစွဲမက်လှိုင်တို့က မမှတ်မိဘူး မသိဘူးဆိုရင်တော့ ဒုက္ခပဲ။ ကြိမ်ဖန်များစွာ တံခါးမရှိ ဓါးမရှိ ထွက်ဝင်သွားလာခဲ့ဖူးသမျှ သည်တစ်ကြိမ်မှာတော့ဖြင့် သူမဝံ့မရဲဖြစ်ကာ နေသည်။

"ကိုယ့်ဆရာ ... ရောက်ပြီလေ ... ဒီနေရာ မဟုတ်လား"

"အာ ... အဲ ... ဟုတ် ... ဟုတ်ကဲ့"

သူ အယောင်ယောင် အအမ်းအမ်းဖြင့် ပိုက်ဆံအိတ်ထဲမှ



ပိုက်တစ်ချို့ကိုထုတ်၍ ကားခရှင်းပေးလိုက်သည်။

ထို့နောက် ရုံးသွားရုံးပြန် အမြဲပါတတ်သော လက်ဆွဲအိတ်ကလေးကိုဆွဲကာ ကားပေါ်မှ မဆင်းချင်ဆင်းချင် ဆင်းလိုက်ရ၏။

(Taxi) ကားလေးက သူအပြင်ဘက် ကောင်းစွာခြေချပြီးချိန်မှာပဲ ဝူးခနဲ မောင်းထွက်သွားသည်။

မမစွဲမက်လှိုင်တို့ အိမ်ရှေ့တွင် ရုံးသုံးအိတ်ကလေး ပိုက်လျက်သား သူရပ်နေဖြစ်သည်။

အခုချိန် သူမှာ ပိုင်ဆိုင်တာဆိုလို့ သည်အိတ်ကလေး တစ်လုံးပဲ ရှိနေလိမ့်မည်ထင်သည်။

ဒါတောင် ရပ်ကွက်ရုံးမှ သူ့အိတ်ကလေးကို စူးစမ်းစစ်ဆေးခဲ့ကြသေးသည်။

အိတ်ထဲမှ တစ်ချို့ပစ္စည်းများက သူ့ကို သိက္ခာအနည်းငယ်ရှိစေပြီး၊ အချို့ပစ္စည်းများကမူ အူကြောင်ကြောင်ဖြစ်နေသူတစ်ယောက်ပုံစံမျိုး ပေါက်စေ၏။

ခြံတံခါးကို သူအသာတွန်းကြည့်လိုက်သည်။

သာမန် အချိန်တွေမှာ စေ့ရုံစေ့ထားသော ခြံတံခါးက အနည်းငယ် မိုးချုပ်လာသောကြောင့် သော့တောင်ခတ်ပြီး သွားတာတွေ့ရသည်။

"မ"

www.burmeseclassic.com

www.burmeseclassic.com



အထဲသို့ အော်ခေါ်ရန် ဟန်ပြင်ပြီးကာမှ ချက်ချင်းပဲ သူရပ်ပစ်လိုက်သည်။

ဒီအတိုင်း စွတ်ဝင်သွားလို့ မဖြစ်ဘူး။ ငါ့ကို သူတို့ မှတ်မိလား မမှတ်မိဘူးလား သိအောင် ကွဲကွဲပြားပြား အရင်လုပ်မှ ဖြစ်မယ်။ လိုအပ်သော အကြံကို ဟိုဟိုဒီဒီ သူလျှောက်စဉ်းစားနေမိသည်။

ခဏကြာတော့ ...

"မမရေ ... မမ ... ကိုမြင့်ဆောင် ... ဗိုလ်ကိုမြင့်ဆောင်"

သူ့အသံကို အတတ်နိုင်ဆုံး ပီပီသသ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ထိန်းကာ ခြံဝင်းအတွင်းသို့ အော်ခေါ်လိုက်သည်။

"ကိုမြင့်ဆောင် ... မမရေ"

အိမ်ထဲမှ လူတစ်ယောက် အလျင်စလိုနိုင်စွာ ထွက်လာသည်။ ကိုမြင့်ဆောင်။

ထွက်လာနေမှန်း သိသိကြီးနှင့် သူထပ်အော်လိုက်သည်။

"မမရေ ... ကိုမြင့်ဆောင်ရေ"

အလျင်စလို ထွက်လာသော ပုံရိပ်က ရေးကြီးသုတ်ပြာပုံရိပ်အဖြစ် ပြောင်းလဲသွားသည်။

နောက်ဆုံးတစ်ခေါက်အဖြစ် သူထပ်ခေါ်လိုက်ပြန်သည်။

"မမရေ ... ကိုမြင့်ဆောင်ရေ"

"အေးဟေ့ ... အေး လာပြီကွ .. လာပြီ ... လာနေတာမမြင်ဘူးလား ... ဘယ်သူလဲကွ စွတ်အော်နေတာ"



"အစ်ကို ကျွန်တော်ခင်ဗျ ... ကျွန်တော်ပါ"

သူက မျက်နှာကို မြင်သာအောင် အလင်းရောင်ကျသည့်ဘက်ကို ထိုးပြကာ အသံပြုလိုက်သည်။

ခြံတံခါးနားရောက်လာသော ကိုမြင့်ဆောင်ကလည်း သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ...

"ဘယ်သူလဲဗျ ... ခင်ဗျားကို ကျွန်တော်မသိဘူး"

"အစ်ကို ကျွန်တော်ပါဗျ ... မမှတ်မိဘူးလား"

သူ့မျက်နှာကို နောက်တစ်ကြိမ် အလင်းရောင်ဘက် ထိုးပြလိုက်သည်။

ကိုမြင့်ဆောင်ကလည်း နောက်တစ်ကြိမ် သူ့မျက်နှာကို စေ့စေ့ကြည့်ပြန်သည်။

"ဘယ်သူလဲ ... ကျော်နိုင်ဦးလား ... ဟာ မဟုတ်ပါဘူး ... စိတ်မရှိနဲ့ မမှတ်မိဘူးဗျ ... ခင်ဗျားဘယ်သူလဲ"

သေချာပြီ။

ကိုမြင့်ဆောင် သူ့ကိုမမှတ်မိတော့တာ သေချာသွားပြီ။ ထို့ကြောင့် သူက ဒုတိယအကြံကို ထုတ်သုံးလိုက်ရတော့သည်။

"သြော် ... ဟုတ်သားပဲ ... အစ်ကိုနဲ့ ကျွန်တော်က ... တစ်ခါ နှစ်ခါလောက်ပဲ ... တွေ့ဖူးတာဆိုတော့ ဘယ်မှတ်မိပါမလဲ ... ဒီလိုပါ ကျွန်တော် ဆရာကျော်နိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



တပည့်ပါ …”

□ □ □

ညလမ်းမကြီးတစ်ခုပေါ်မှာ သူရောက်နေသည်။

နီယွန်မီးရောင်တွေအောက်က ပလက်ဖောင်းလေးအတိုင်း သူလျှောက်လာစဉ် မော်တော်ကားများက သူ့နံဘေးလမ်းမကြီးပေါ် တစ်စီးပြီးတစ်စီး တဝီဝီဖြတ်သန်းသွားနေကြသည်။

သူ့ထံမှ ရှိုက်သံခပ်သဲ့သဲ့ ထွက်လာ၏။

မျက်ရည်စတစ်ချို့က သူ့မျက်ဝန်းအိမ်မှတဆင့် ပါးပြင်ထက်သို့ ပူလောင်စွာ စီးကျလာသည်။

သူက ခြေလှမ်းတွေကို ဆက်မသယ်နိုင်တော့ဘဲ အနီးဆုံး အုတ်ခုံငယ်တစ်ခုပေါ် အသာဖေးထိုင်ချလိုက်ရသည်။

ဘာတွေဖြစ်ကုန်တာလဲ။

ကမ္ဘာကြီး ပြောင်းပြန်လည်နေပြီလား။

ငါက ဘယ်သူလဲ … ဘယ်ကလဲ … ဘာလုပ်လဲ။

ငါ့ဖြစ်တည်မှုတွေ ချက်ချင်းလက်ငင်း ဘယ်ကို ပျောက်ရှသွားရတာလဲ။

မေးခွန်းများစွာက သူ့ဦးခေါင်းမှနေ၍ အပြင်ဘက်သို့ တိုးဆောင့်ထိုးဖောက် သွားတော့မတတ် ရုန်းကန်ပေါက်ဖွားလာသည်။

ဘယ်မှာလဲ ငါ့အိမ်။



ဘယ်မှာလဲ ငါ့မိန်းမ။

ဘယ်မှာလဲ ငါ့တည်ရှိမှုတွေ။

အရာရာကို နားမလည်နိုင်လွန်းစွာဖြင့် သူ့စိတ်ဓာတ်အကျကြီး ကျသွားသည်။

စိတ်ဓာတ်ကျသူတို့၏ ထုံးစံအတိုင်း ငိုကြွေးဖို့သာ သူတတ်နိုင်တော့သည်။

ထို့ကြောင့် …

သူရှိုက်ကြီးတငင် ငိုချလိုက်သည်။

◈ ◈ ◈ ◈

ထူးဆန်းသောအဖြစ်အပျက်များ ဆက်တိုက်ကြုံတွေ့ခဲ့ရပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် သူတစ်ချက် ရယ်လိုက်မိသည်။

အနည်းဆုံးတော့ သူ့ဖြစ်ရှိနေမှုကို တရားဝင်အသိအမှတ်ပြုပေးသည့် နေရာတစ်ခုတော့ ရှိနေပါသေးသည်။

“ရပါပြီအစ်ကို … မနက်ဖြန် အခန်းပြန်အပ်မှပဲ မှတ်ပုံတင် ပြန်ယူပေါ့ … အခုတော့ ဒီ ညီလေးက အစ်ကိုနေရမယ့် အခန်းကို လိုက်ပြပေးပါလိမ့်မယ် …”

Reception မှ တည်းခိုခန်းဝန်ထမ်းတစ်ယောက်ကပြုံးကာ သူ့ကိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ အစ်ကို ကျွန်တော့်နောက်လိုက်ခဲ့ ..."

သူတည်းခိုရမည့် အခန်းသို့ နောက်ထပ်ဝန်ထမ်းတစ်ယောက်က ရှေ့မှ ဦးဆောင်ခေါ်သွားသည်။

အခန်းသို့ရောက်သောအခါ အိပ်ရာပေါ်မှာ အရင်ဆုံး သူပစ်လှဲချလိုက်၏။

"အား ... ကျွတ် ... ကျွတ်"

အိပ်ယာပေါ်အလှဲမှာတွင် ဘယ်ဘက်ပါးပြင်ကို မတော်တဆထိမိလိုက်သောကြောင့် သူနာကျင်သွားရသည်။

သူ့မျက်စိတွင်လည်း လူဆိုးထိန်းဘဦးကို ဖျတ်ခနဲပြေးမြင်သွားသည်။

အတော်တော့ လက်သံပြောင်တဲ့ ကောင်ပဲ။ ဘယ်ဘက်ပါးပြင်ကို သူအသာပွတ်ရင်း တွေးမိသည်။

တစ်ဆက်တည်းမှာပဲ ရှေ့ဆက်ကြုံတွေ့ရမည့် ထူးဆန်းတွေလာဖြစ်ရပ်များအား အမျိုးမျိုး မေးခွန်းထုတ် တွေးတောရင်း ပင်ပန်းကြီးစွာဖြင့် သူအိပ်မောကျသွားပြန်တော့သည်။

* * * *



အခန်း (၁၄)

နောက်တစ်နေ့ မနက်လင်းတော့ ဘာလုပ်လို့ ဘာကိုင်ရမည်မှန်းမသိဘဲ တည်းခိုခန်းထဲမှာ သူယောင်ချာချာ ဖြစ်နေသည်။

သူ့အဖြစ်အပျက်တွေက ဘယ်ဘက်က လှည့်တွေးတွေးနားမလည်နိုင်အောင် ထူးဆန်းလွန်းနေသည်။

သူ့မိန်းမသည် တခြားလူတစ်ယောက်၏ တရားဝင် ကာမပိုင်မိန်းမယားတစ်ယောက် ဖြစ်သွားသည်။

သူနေထိုင်သော ရပ်ကွက်မှ လူအားလုံးက သူ့ကို တစ်ယောက်မှ မမှတ်မိကြဘဲ သူစိမ်းတစ်ယောက်ဟုသာ ယူဆနေကြသည်။

ကိုမြင့်ဆောင်နှင့် မမစွဲမက်လှိုင်တို့ကလည်း သူ့ကို မမှတ်မိကြ။

သည်ပုံအတိုင်းဆိုလျှင်ရှိ သည်ကမ္ဘာကြီးမှာ သူ့ကို မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



ပေးမည့် သူရှိရောရှိပါဦးမည်လား။

နေ့ချင်းညချင်း ကမ္ဘာကြီးပေါ်မှာ သူက လူပိုသက်တစ်ယောက် ဖြစ်သွားသည် မဟုတ်ပါလား။ ’

ငါ ဘာလုပ်ရမလဲ။

ငါ ဘယ်သွားရမလဲ။

“အိုး”

ရုတ်တရက် အကြံတစ်ခုရသွားသောကြောင့် သူမျက်လုံးများ ဝင်းတောက်လို့သွားသည်။

ချက်ချင်းပင် နေရာမှ ခုနထကာ လိုအပ်သော ပစ္စည်းများ ယူဆောင်၍ အခန်းအပြင်ဖက်သို့ သူထွက်လိုက်သည်။

လိုအပ်သော ပစ္စည်းများဟု ဆိုသော်လည်း တကယ်တမ်း သူပိုင်ဆိုင်သည့် ပစ္စည်းဆိုလို့ ရုံးသုံးလက်ဆွဲအိတ်လေးပဲ ရှိသည်။

Reception ကိုရောက်တော့ ကျသင့်သည့် တည်းခိုခန်းအပြင် နောက်ထပ်နှစ်ရက်စာ အဖိုးအခကိုပါ ကြိုတင်ပေးချေလိုက်သည်။

အခုလို ကမောက်ကမအခြေအနေတွေကို ဘယ်ကာလအထိ ဆက်လက် သူရင်ဆိုင်ရဦးမည်မသိ။

သည်ကြားထဲမှာ သူ့အတွက် အဆင်ပြေ လုံခြုံသောနေရာ တစ်ခုရှိနေဖို့ လိုအပ်သည်ဟု တွေးမိကာ တည်းခိုခန်းခကို နောက်ထပ်နှစ်ရက်စာ ကြိုတင်ပေးထားလိုက်ခြင်း ဖြစ်သည်။



မှတ်ပုံတင်ကိုတော့ လောလောဆယ်အပြင်သွားရန် ရှိသဖြင့် လိုရမယ်ရ ပြန်လည်တောင်းယူလိုက်၏။

❒ ❒ ❒

ပုံမှန်ရုံးတက်ချိန်ထက် အနည်းငယ်နောက်ကျနေရာ လှေကားပေါ်သို့ ခပ်သွက်သွက်လေး သူအားစိုက်တက်လိုက်သည်။

သို့တိုင်အောင် သူ့ခြေလှမ်းတွေက သိသိသာသာ ပိုမိုမြန်ဆန်သွားသည်ဟု မထင်ရ။

**နားလည်ရန် ခက်ခဲသည့် ပြဿနာရပ်ကြီးတစ်ခုကို ဘုမသိဘမသိ တွေးပွေ့ထားရသော သူ့ရင်ဘတ်ကြီးထဲမှ အလေးအလံများကို သူ့ခြေလှမ်းတွေက ပေါ့ပါး မြန်ဆန်အောင် မသယ်ဆောင်နိုင်ကြ။**

မနေ့ညနေက အိမ်အပြန်မှာ ထူးဆန်းသော ပြဿနာမျိုးစုံနှင့် သူကြုံတွေ့ခဲ့ရသည်။

သူ့အိမ် သူ့မိသားစု သူ့ပတ်ဝန်းကျင်နှင့် သူ့ဇနီး … အားလုံး … အားလုံးသည် သူနှင့် လားလားမှာ မသက်ဆိုင်တော့တာကို တအံ့တသြဖြစ်စွာ သူမြင်တွေ့ခဲ့ရပြီးပြီ။

အခု … သူ့ရုံး။

သူ့ရုံးပေါ်ရောက်လျှင်ရော ဘာတွေကို ကြုံလာရဦးမည်လဲ။

“ဟယ် … ဟိုမှာ ကိုကျော်နိုင်ဦးကြီးတော့ …”

www.burmeseclassic.com

www.burmeseclassic.com



"အေးဟဲ့ … သူလည်း ရုံးနောက်ကျလို့နဲ့တူတယ် … သုတ်သုတ် … သုတ်သုတ်နဲ့"

မိန်းကလေးတစ်စု၏ စကားသံများက သူကျောနောက်ဖက် မလှမ်းမကမ်းဆီက ထွက်ပေါ်လာ၏။

"ဟဲ့ … နှင်းနှင်း လှမ်းခေါ်လိုက်သေး …ဟိုတစ်ခေါက်တုန်းကလို ကိုကျော်နိုင်ဦးကလေး ဘယ်တော့ မွေးမှာလဲဆိုတာတော့ မမေးနဲ့နော်"

"အို … ချိုမာကလည်း … ခစ် … ခစ် … ခစ်"

ရယ်သံတွေက သူ့နားထဲ ပလုံစီ တိုးဝင်လာပြီး …

"ကိုကျော်နိုင်ဦး နေပါဦး … နှင်းနှင်းတို့ကို စောင့်ပါဦး"

ကျော်နိုင်ဦးဆိုသော နာမည်ကြောင့် သူ့တစ်ကိုယ်လုံး အလိုအလျောက် ဆတ်ခနဲ ဖြစ်သွားသည်။

နောက်ဖက်မှ လှမ်းခေါ်နေသည့် မိန်းကလေးအုပ်စုဆီ သူလည်ပြန် လှည့်ကြည့်လိုက်ရာ …

"ဟင်"

"ဟယ်"

သူ့မျက်နှာကို သေချာကျနစွာ မြင်တွေ့လိုက်ရင်တော့ မိန်းကလေးတစ်ဖွဲ့လုံး အံ့သြသွားကြ၏။

"ဟိုလေ … ကန်တော့နော် အစ်ကိုကြီး … ကျွန်မတို့ လူမှားသွားလို့ …"



နှင်းနှင်းက လက်အုပ်လေးချီကာ တောင်းပန်သည်။

"အဟီး … ဟိုလေ … သမီးတို့ အသိတစ်ယောက်နဲ့ ပုံစံနည်းနည်းဆင်နေလို့ … အဟီး"

ချိုမာကလည်း စပ်ဖြဲဖြဲနှင့် ဝင်ပြောသည်။

ကျန်မိန်းကလေးနှစ်ယောက်ကလည်း သူ့ကိုကြည့်ကာ ရှုံ့တိုးရှုန်းတန့်ဖြစ်သွားကြသည်။

သူက …

'ရပါတယ်ဗျာ' ဟု စိတ်လက်မသက်မသာနှင့် ပြန်ဖြေလိုက်၏။

နှင်းနှင်းတို့တစ်ဖွဲ့လုံး သူ့ရှေ့မှ သုတ်သုတ်ပျာပျာ ထွက်သွားကြသည်ကို ကြည့်ရင်း …

"သူတို့ကလည်း ငါ့ကို မမှတ်မိတော့ဘူးပဲ"

အတွေးနှင့်အတူ သူ့ခြေလှမ်းတွေကို လေးကန်စွာ ဆက်လှမ်းလိုက်သည်။

အတန်ကြာတော့ ကုမ္ပဏီရုံးခန်းရှေ့ သူရောက်သွားကာ အထဲဆက်ဝင်ဖို့အတွက် မဝံ့မရဲဖြစ်လျက် ခဏရပ်ငေးနေမိ၏။

နောက်ဆုံးမှ အားတင်းပြီး ခြေလှမ်းတွေကို သယ်မ၍ ကုမ္ပဏီရုံးခန်းထဲ တစ်လှမ်းချင်း သူလှမ်းဝင်လိုက်သည်။

အထဲကို ရောက်တော့ ရင်းနှီးနေကျ အငွေ့အသက်တစ်မျိုးက သူ့ကို ဆီးကြို၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံတွေ လူးလူးလွန့်လွန့်ဖြစ်ကာ သွားသည်။

သူ့အလုပ်စားပွဲလေးဆီ အငမ်းမရ လှမ်းကြည့်လိုက်မိတော့ . . .။

"ဟာ"

နေရာမှာ တောင့်တောင့်ကြီး သူရပ်လျက်သား ဖြစ်သွားသည်။

သူ့အလုပ်စားပွဲမှာ လူတစ်ယောက် အသင့်ဝင်ထိုင်နေတာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသောကြောင့်ပင်။

ထိုလူက အခြားမဟုတ်။

ဟိုကောင် ကျော်နိုင်ဦး။

ကြာကူလီကောင်။

နောက်ပြီး . . .

အတု။

❖ ❖ ❖ ❖



အခန်း (၁၅)

လှေကားအဆင်းကို အရှိန်နှင့် ပြေးဆင်းရသည်မို့ ခြေတစ်လှမ်းရွှေ့တိုင်း ချော်မကျအောင် အထူးသတိထားနေရသည်။

"လိုက် . . . လိုက် . . . အဲဒီလူကို မလွတ်စေနဲ့"

"ဟေ့ . . . မပြေးနဲ့ . . . အဲဒီမှာရပ်"

အော်ဟစ်သံများက သူ့နောက်နားမှ ညံစီဆူဝေစွာ ပေါ်ထွက်လာသည်။

သူ နောက်သို့ တစ်ချက်လှည့်ကြည့်ဖြစ်သည်။

"ဟေ့လူ . . . မပြေးနဲ့ . . . ဟေ့လူ"

ဒေါသဖြင့် တင်းမှုန်ခက်ထန်နေသည့် ကျော်နိုင်ဦး၏ မျက်နှာကို မြင်ရသည်။

"ဆက်မပြေးနဲ့ . . . အဲဒီမှာရပ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပဲ မန်နေဂျာ ဦးမြမောင်နှင့် အခြားရုံးဝန်ထမ်းနှစ်ယောက်သုံးယောက်လည်း သူ့နောက်သို့ အော်ဟစ်ရင်း ပြေးလိုက်လာနေတာ မြင်ရ၏။

ပြေး ခုမှတော့ ဘာမှ စဉ်းစားမနေနဲ့တော့။ ပြေးစရာရှိတာသာ ပြေး။

ဟောဟဲ မြည်သံတွေနှင့်အတူ ရုံးအဆင်းလှေကားအတိုင်း သူပြေးသည်။

ပြေး။

လုပ်စရာရှိတာ လုပ်ပြီးပြီ။

ပြေးစရာရှိတာသာ ပြေး။

ယုံယုံကြည်ကြည်နဲ့ကို ပြေး။

သူ ပြေးသည်။

မြေညီထပ် ပင်မတံခါးပေါက်ကြီးရှေ့ရောက်တော့ ရုတ်တရက် ဘယ်ဖက်ချိုးကွေ့ရမည်မှန်း ဝေခွဲမရဘဲ သူခဏတုန့်ရပ်သွားသည်။

''ဟေ့လူ .... မပြေးနဲ့ ရပ်''

''အဲဒီလူကို ... ဖိုင်းတားပေးကြပါ ... အဲဒီလူကို ... မလွှတ်စေနဲ့''

သောက်ခွေး ဒီလူတွေ ထပ်ကြပ်မကွာ လိုက်လာကြတာပဲ။ သူဘာမှ မစဉ်းစားထားတော့။

ညာဖက်သို့ ဖွတ်ရွတ်ကွေ့ချကာ ခြေကုန်သုတ်ရတော့သည်။



ဖြစ်ချင်တော့ ကုမ္ပဏီရုံးရှေ့က ပလက်ဖောင်းတစ်လျှောက်မှာက လမ်းဘေးထုံးစံအတိုင်း ပလက်ဖောင်းဈေးသည်အပြည့်။

နောက်သို့ အလိုလို လှည့်ကြည့်မိပြန်သည်။

ကျော်နိုင်ဦးနှင့် ဦးမြမောင် ဦးဆောင်သည့် လူအုပ်က သူ့နောက်မှာ လိုက်ပါလာနေဆဲ။

ပြေး။

သူ့အားပိုစိုက်၍ ပြေးသည်။

ခဏတော့ အဆင်ပြေသည်။

နည်းနည်းကြာလာတော့ လမ်းဘေးဈေးသည်တစ်ချို့ ခင်းကျင်းထားသည့် ရောင်းကုန်ပစ္စည်းများနှင့် တိုးမိတိုက်မိတာ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

ဒါကပဲ သူလွတ်မြောက်ရန် အခွင့်အရေးတစ်ခု ဖြစ်သွားသည်။

သူ့နောက်မှ ကျော်နိုင်ဦးတို့ လူစုမှာ လဲပြိုသွားသော လမ်းဘေးရောင်းကုန်ပစ္စည်းများကြောင့် ဆက်မလိုက်နိုင်ဘဲ ကျန်ခဲ့တော့သည်။

သူကတော့ ပြေးဆဲ။

မထင်မှတ်ဘဲ ရုံးခန်းထဲမှာ သူ့ကိုမြင်လိုက်ရတော့ ကျော်နိုင်ဦးက သွေးရူးသွေးတန်း ထအော်သည်။

ကြာကြာတော့ မအော်လိုက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်နိုင်ဦး၏ မျက်နှာပေါ် ဖြောင့်လက်သီးတစ်လုံး သူပစ်ကျွေးလိုက်ခြင်းကြောင့်ပင်။

"ဟာ ... ဟေ့မင်း ... အတု ... အတု"

"ရော့ ... ဟေ့ဒီမှာ အတုရဲ့ လက်သီး"

ပျော်ရွှင်ကျေနပ်စွာဖြင့် သူပြေးနေဆဲ။

❒ ❒ ❒

ပန်းခြံထဲရောက်တော့ ရုံးသုံးအိတ်ကလေးကို မြက်ခင်းပြင်ပေါ် အရင်ဆုံး ပစ်ချလိုက်သည်။

ပြီးသွားမှ သူလည်း မြက်ခင်းပြင်ပေါ် ခြေပစ်လက်ပစ်လဲလျောင်းလိုက်၏။

သက်ပြင်းတစ်ချက်ကို ဟူးခနဲ အသာချရင်း နားဖူးနှင့်နားသယ်စပ်တစ်လျှောက် စိမ့်ယိုနေသည့် ချွေးသီးပေါက်များအား ညာလက်ဖြင့် ပင့်မြှောက်သုတ်ပစ်ရသည်။

အခုလို လှဲလျောင်းလိုက်မှပဲ လွန်ခဲ့သည့် နာရီပိုင်းက သူတော်တော်ပင်ပန်းသွားခဲ့မှန်း သေသေချာချာ သိရတော့သည်။

ချွေးတွေ ခြောက်သလောက်ဖြစ်သွားတော့ ညာဖက်လက်ကို လက်သီးဆုပ်ပြီး ထောင်ကြည့်မိ၏။

ကောင်းတယ်။ ခုတော့ ငါ့လက်သီးဘယ်လောက်ပြင်းလဲဆိုတာ ဒင်း ကောင်းကောင်း သိလောက်ပြီ။ သူပြုံးမိသွားသည်။



ဆုပ်ထားသော လက်သီးကို ဖြည်ကာ ဘေးသို့ ပြန်ချလိုက်စဉ် ဟိုးအမြင့်ကြီးက ပြာစင်နေသော မိုးကောင်းကင်ကြီးကို သူမြင်တွေ့လိုက်ရ၏။

"အိုး"

သူ့စိတ်ဝိညာဉ်တစ်ခုလုံး လှိုက်ခနဲ ဖြစ်သွားသလို ခံစားမိသွားသည်။

တစ်ချိန်လုံး သူ့အပေါ် ငုံ့ကိုင်းကြည့်နေသော မိုးကောင်းကင်ကြီးကို တစ်ချက်ကလေးလောက်ဖြစ်ဖြစ် ပြန်လည်မော့ကြည့်ဖို့ရာ သူမေ့လျော့နေခဲ့သည်။

သူ အံ့သြမှင်တက်စွာ မိုးကောင်းကင်ကြီးဆီကို ငေးရီကြည့်နေမိသည်။

**ဘယ်လိုမှ နားမလည်နိုင်အောင် ကြုံဆုံခဲ့ရသော ဖြစ်ရပ်များ အတွက်လည်း တစ်စုံတစ်ရာအဖြေတစ်ခု တွေ့လိုတွေ့ငြား မိုးကောင်းကင်ကြီးထဲ သူလိုက်လံ ရှာဖွေနေမိသည်။**

သို့တိုင်အောင် သူ့အဖို့မှာ အရာရာသည် နားလည်ခက်ခဲလွန်းစွာ ဆန်းကြယ်နေဆဲပင်။

◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းကို ပြန်ရောက်တော့ သူ့ပုံစံက အတော်ကလေး စုတ်ချာချာနိုင်နေသည်။

Reception ကို ဖြတ်ကျော်၍ သူ့အခန်းဆီ သွားမည်အလုပ် ...

"ဟိုအစ်ကို ... အစ်ကို ... ခဏ"

Reception ဝန်ထမ်းနှစ်ဦးအနက် တစ်ဦးက သူ့ကို လှမ်းခေါ်သောကြောင့် သူပြန်လှည့်လာရသည်။

"ဘာဖြစ်လို့လဲ ... ညီလေး"

လှမ်းခေါ်သော ဝန်ထမ်းလေးက သူ့ကို ဇဝေဇဝါဖြင့်ကြည့်ကာ ...

"အစ်ကို ဘယ်သွားမလို့လဲ ... အခန်းငှားမလို့လား ..."

ဝန်ထမ်းလေး၏ စကားကြောင့် သူသေချင်စိတ်ပေါက်သွားသည်။

မနက်ကမှ ထွက်သွားသည့် သူ့ကို ခုနေလည်ကျတော့ မမှတ်မိကြတော့ဘူးလား။

အတွေးနှင့်အတူ ချက်ချင်း သူခေါင်းနပန်းကြီးသွားသည်။

"ဟာ ... ဟော့ကောင် မဟုတ်ဘူးလေ ... ဒီအစ်ကိုက မနေ့ညက အခန်းယူထားတဲ့ ဧည့်သည်လေ ... မင်းမမှတ်မိဘူးလား"

ဘေးမှာ တစ်ချိန်လုံး လယ်ဂျာစာရင်းစာအုပ်တစ်အုပ်နှင့်



အလုပ်ရှုပ်နေသည့် ဝန်ထမ်းနောက်တစ်ဦးက ခေါင်းမော့လာကာ ကမူးကယာ ဝင်ပြောလိုက်သည်။

တော်ပါသေးရဲ့ ခုမှပဲ သူ့စိတ်တွေ သက်သာရာရသွားတော့သည်။

"ဟာ ... ဟုတ်လား ... ဆောရီးပဲနော် အစ်ကို ... ကျွန်တော် မမှတ်မိလို့ပါ ... အားနာလိုက်တာ ခင်ဗျာ"

"အဲ ... ရ .. ရပါတယ် ညီလေးရာ"

သူက ပြေရာပြေကြောင်းပြောရင်း Reception မှ လှည့်ထွက်ရန် ပြင်လိုက်စဉ် ...

"ဪ ... အစ်ကို ... ခဏလေးခင်ဗျ ... အစ်ကို့ မှတ်ပုံတင်လေး ပြန်အပ်ပေးခဲ့ပါ"

သည်တစ်ခါလည်း သူ့စိတ်ညစ်သွားရပြန်သည်။

အခြားတော့မဟုတ်။

လူဖြစ်ကြောင်း သက်သေပြချက်တွေ ဘယ်လောက်နိုင်မာနေပါစေ သူ့ဘဝကတော့ ဘာမှ ထူးခြားလာမည် မဟုတ်မှန်း တွေးတောမိလိုက်၍ ဖြစ်သည်။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

(ဒီနေ့လည်း

ငါ့ကိုယ်ငါ အသစ်ပြန်လည် မွေးဖွားလိုက်ရပြန်ပြီ။)

မဂ္ဂဇင်းတစ်အုပ်မှာ ဖတ်ခဲ့ရဖူးသော ကဗျာစာသားတစ်ကြောင်းကို သူပြန်အမှတ်ရမိသွားခြင်းပင်။

မနက်အိပ်ယာနိုးလို့ မျက်နှာသစ်ပြီးသွားချိန်တွင် စောစောက ကဗျာစာသားလေးကို အမှတ်မထင် ရေရွတ်မိလိုက်တာပဲ ဖြစ်သည်။

သူက ကဗျာတွေကို ဖတ်လေ့ဖတ်ထနည်းပါးပေမယ့် အများစုကိုတော့ တစ်ပုဒ်လုံးမဟုတ်သည့်တိုင်တစ်ကြောင်းလောက်ဖြစ်ဖြစ် တစ်ပိုဒ်လောက်ဖြစ်ဖြစ် ပြန်သတိရနေတတ်၏။



(ဒီနေ့လည်း ငါ့ကိုယ်ငါ အသစ်ပြန်လည် မွေးဖွားလိုက်ရပြန်ပြီ)

နောက်ထပ်တစ်ကြိမ် ကဗျာစာသားလေးကို သူခပ်တိုးတိုး ရွတ်မိသွားပြန်သည်။

ဘာထူးသေးလဲ။

သူ့အဖြစ်ကလည်း တစ်နေ့ပြီးတစ်နေ့ သူ့ကိုယ်သူ အသစ်ပြန်လည် မွေးဖွားနေရသလိုမျိုးပင်။

ကြည်သာဦးဆိုသော အမည်နှင့် သက်သေပြချက်တချို့ကို ပိုင်ဆိုင်ထားသည်ကလွဲ၍ သူ့ဖြစ်တည်မှုအားလုံး လူမသိသူမသိ တိတ်တဆိတ် သေဆုံးသွားခဲ့ရသည် မဟုတ်လား။

မှတ်ပုံတင်ကဒ်တစ်ခု၊

အိမ်ခြံမြေစာတ်ပုံများပါသော အယ်လ်ဘမ်တစ်ခု။

စီးပွားရေးပညာရပ်ဆိုင်ရာ စာရွက်စာတမ်းများ၊

လက်ပတ်နာရီတစ်လုံး၊

ရွှေဆွဲကြိုးတစ်ကုံး၊

ရုံးသုံးလက်ဆွဲအိတ်၊

ပိုက်ဆံအိတ်နှင့်

ငွေစက္ကူနည်းနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူပိုင်ဆိုင်သမျှ သူဖြစ်တည်မှုနှင့် သက်ဆိုင်ပက်သတ်နေသည့် အရာများမှာ ဤမျှသာပဲ ဖြစ်သည်။

တွေးရင်း တွေးရင်း ဝမ်းနည်းမှုတစ်ခုက သူ့ရင်ဘတ်ထဲမှ အလိုလို ဆို့တက်လာလေ၏။

❁ ❁ ❁ ❁



"ဟဲလို ... ဟဲလို"

"ဟယ်လို ... စုတ်ဖွားလေး"

"အေး ... ဟုတ်တယ် ... ဘယ်သူလဲ"

"ငါပါ ... ကြည်သာဦးပါ"

"အဲ ... ဟို ... ဟိုဟာ"

❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... စန်းမွန်အောင် ပြောနေပါတယ်"

"ဟော့ကောင် ... မိုက်ပူမ ... ငါပါကွ"

"အေး .. ပြော ဘယ်သူလဲ"

"ငါလေ ... ကြည်သာဦးလေ"

"ဘယ်သူလဲ ... ဘသာဦး"

"ကြည်သာဦးလေ ... ကြည်သာဦးပါကွ"

"ဘယ်သူလဲကွာ ... လာနှောက်မနေနဲ့"

"ဖုန်းမချနဲ့ဦး ... ဟယ်လို ... ဟယ်လို"

❐ ❐ ❐

"ဟယ်လို ... ပြောပါ"

"ဟော့ကောင် ကျော်မျိုးခိုင် တရုတ်စုတ်

မင်း ဘာတွေလုပ်နေလဲ"

"အေး ... ငါ ပလတ်စတစ်လိုက်ကောက်နေတယ် ...

အဲ ... အာ ... ဘာမှ မလုပ်ပါဘူး ... နေပါဦး ...

ခုဆက်တာ ဘယ်သူလဲ"

"ငါ့ အသံမမှတ်မိဘူးလား"

"ကြားဖူးသလိုလိုပဲ"

"အဲဒါဆို စဉ်းစား"

"သိပြီ ကျော်နိုင်ဦး မဟုတ်လား"

"ဘယ်က ကျော်နိုင်ဦးလဲ"

"နှောက်မနေစမ်းပါနဲ့ကွာ ... မင်းအသံ ခွေးချီတောင်

ငါမှတ်မိ ... မိ ... ဟယ်လို ... ဟယ်လို ...ဟာ

ဒီခွေးကောင် ကျော်နိုင်ဦး"

◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"ဩော် ... အောင်မင်းကျော်နဲ့ စကားပြောချင်လို့ပါ"

"အောင်မင်းကျော် မနေ့ကပဲ သင်္ဘောလိုက်သွားတယ်လေ ... မသိဘူးလား"

"ဟုတ်လား ... အာ ... မသိလိုက်ဘူးဗျာ"

"ဘာမှာထားမလဲ ... ဒီနေ့ည သူ့အိမ်ကို ဖုန်းဆက်မယ်လို့တော့ ပြောတယ်"

"ရပါတယ် ... မမှာတော့ပါဘူး ... ကြည်သာဦး ဖုန်းဆက်တယ်လို့ပဲ ပြောပေးပါ"

"ဟုတ်ကဲ့ ပြောပေးပါ့မယ် ... နာမည်က ကြည်သာဦး နော်"

"ဟုတ်ပါတယ် ကြည်သာဦးပါ"

◆ ◆ ◆ ◆

"ဟုတ်ကဲ့ ... ပြောပါရှင့်"

"ပပမိုးမြင့်လား"

"ဟုတ်ပါတယ် ... ဘယ်သူလဲ"

"ပပရေ ... ငါပါဟ ကိုဦးပါ"

"ဘယ်ကိုဦးလဲ"

"ဘယ်ကိုဦးရှိရမလဲ ... နင့်သူငယ်ချင်း သင်းပုံ့လှိုင်ရဲ့ ယောက်ျား ကြည်သာဦးလေဟာ"

"ဘယ်သူ ... ဘယ်သူ ... နာမည်ပြန်ပြောပါဦး"

"ငါပါ ... နင့်သူငယ်ချင်း ကြည်သာဦးပါ"

"ဟဲ့ ... နင် ဘယ်ကကောင်လဲ ... ဘာတွေ လာကြောင်နေတာလဲ ..."

"အမှန်အတိုင်း ပြောနေတာပါဟ ... ဘာမှ မကြောင်ပါဘူး"

"အဲဒီမှာ လဲသေလိုက်ပါလား ... ငါ့သူငယ်ချင်းသင်းပုံ့ရဲ့ ယောက်ျားက ကျော်နိုင်ဦးဟဲ့ သိရဲ့လား ကြောင်ရဲ့

www.burmeseclassic.com



နာမည်တောင် မှန်အောင် မသိဘဲနဲ့ … တော်တော့ ဘာမှ စာတ်လမ်းလာမရှာနဲ့”

“ဟယ်လို … အပျိုကြီး … ဟယ်လို … ဟောဗျာ”

□ □ □



“ဟယ်လို … ပြော”

“ဟယ်လို … ခင်ဖွေးလား”

“မဟုတ်ပါဘူး … လှမျိုးသော်ပါ”

“အာ … ဟော့ကောင် ခင်ဖွေး … နောက်မနေနဲ့ … ငါ ကြည်သာဦးပါကွ”

“နေပါဦးကွ … ဘယ် … သူ”

“ကြည်သာဦးလေကွာ … မမှတ်မိဘူးလား”

“ကြည်သာဦးဟုတ်လား … ခဏလေး … ဪ … အေး … အေး ငါမှတ်မိပြီ … ခုပဲ ငါ မင်းအကြောင်း စဉ်းစားနေတာ”

ခုလိုကျပြန်တော့လည်း သူနည်းနည်း ကြောင်တက်တက် ဖြစ်သွားရသည်။

ကြည်ဦးလေ။ တစ်မနက်လုံး သူမှတ်မိသမျှ သူငယ်ချင်း တွေ၏ ဖုန်းနံပါတ် တစ်ခုပြီးတစ်ခုကို ဆက်တိုက်နှိပ်ခေါ်သော်လည်း ဘယ်သူသူငယ်ချင်းကမှ သူ့ကို မမှတ်မိကြ။

သူကိုယ်တိုင်ကလည်း ဖုန်းသာ အကြိမ်ကြိမ်ဆက်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



... မျှော်လင့်ချက်ကတော့ ပျောက်ဆုံးအငွေ့ပြန်လွင့်ပြယ်သွားပြီးသော အခြေအနေ။

"ဘာ ... ဘာ ... ဘယ်လို ဘယ်လို ... ငါ့ ... ငါ့ ... ငါ့အကြောင်း မင်းစဉ်းစားနေတာ ... ဟုတ်လား"

သူ့စကားတွေ ထစ်ထစ်အအတောင် ဖြစ်သွားသည်။

"အေး ... ဟုတ်တယ်လေကွာ"

"ပြော ... ပြောပါဦး ... ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် ... ဘာမှ မဟုတ်ပါဘူးကွ ... အရင်က အကြောင်း နည်းနည်းပါးပါးပါ"

"ဒါနဲ့ ခင်ဖွေး ... မင်း ခု ဘယ်မှာလဲ"

"ငါမြို့ထဲ ၃၆ လမ်း တိုမိတ်ဆွေ လက်ဖက်ရည်ဆိုင်မှာကွ ... မင်းကရော"

"ငါလား ... အဲ ... ငါလည်း မြို့ထဲမှာကွ ... မင်း အဲဒီမှာ ခဏစောင့်လေ ... ငါမင်းဆီ လာခဲ့မယ်"

"အခု ... လာမှာလား"

"အေး ... ခဏစောင့်နော်"

"OK ..."

◈ ◈ ◈ ◈



## အခန်း (၁၈)

ကမ္ဘာကြီး ဘယ်လို လည်ပတ်နေသလဲမသိ။

ပုံမှန်မဟုတ်တာကတော့ သေချာသည်။

ပြောင်းပြန်လည်လိုက်၊ အတည့်လည်လိုက်ဖြစ်နေပုံရ၏။

လူတွေအားလုံးအပေါ် တသမတ်တည်းတော့ မဟုတ်နိုင်ချေ။

တချို့အပေါ် ပြောင်းပြန်လည်ပြီး တချို့အပေါ်ကျအတည့်ပဲ လည်နေတာမျိုး ဖြစ်လိမ့်မည်။

၃၆ လမ်းမှ တိုမိတ်ဆွေ လက်ဖက်ရည်ဆိုင်ကိုရောက်တော့ ခင်ဖွေးက သူ့ကို နဂိုအတိုင်း ခင်ခင်မင်မင်ပဲ ဆက်ဆံရာ သူမှာ ထူးဆန်းအံ့ဩသွားရသည်။

"လာကွာ ... ကြည်သာဦး ... ဒီမှာထိုင် ... ရော့ ... တစ်ခုခုမှာ ... ဘာသောက်မလဲ"

"မသောက်ဘူး ... စားပဲစားမယ် ... ဒီဆိုင်က ဆီချက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် … ဆီချက်ပဲစားမယ်”

သူ့စကားကြားတော့ ခင်ဖွေးက သဘောကျစွာ ပြုံးသည်။

“နေပါဦး … မင်းက မြို့ထဲ ဘာလာလုပ်တာလဲ … အလုပ်မသွားဘူးလား”

“ဩော် … အေး … ဟိုလေ … ငါ အလုပ်ကနေ ခွင့်ခဏယူထားတယ် …”

အဆင်ပြေသလို သူကြည့်ပြောလိုက်ပေမယ့် ခင်ဖွေးက စိတ်ကျေနပ်ဟန်မပြဘဲ …

“ခွင့်က ဘာကိစ္စ ယူထားရတာလဲ”

သူနည်းနည်း အကျပ်ရိုက်သွားသည်။

ပြီးမှ …

“ဒီလိုကွ … ငါ မိန်းမနဲ့ ရန်ဖြစ်ပြီး … အိမ်ပေါ်က ဆင်းလာတာ နှစ်ရက်ရှိပြီ … အဲဒါကြောင့် လောလောဆယ် ရုံးကိုလည်း မသွားနိုင်ဘဲ ခွင့်ခဏ ယူထားရတယ်”

ခင်ဖွေး မျက်လုံးပြူးသွားသည်။

“အဲဒါဆို … ခု မင်း ဘယ်မှာနေနေလဲ”

“ငါ ခု … တည်းခိုခန်းတစ်ခုမှာ နေ,နေရတယ်”

သူ့စကားကြောင့် ခင်ဖွေးက သူ့ကို သေသေချာချာကြည့်ကာ …



“မင်းကတော့ … ဖြစ်ရမယ် … တချို့ကောင်တွေ လင်မယားရန်ဖြစ်ရင် မိန်းမတွေကပဲ အိမ်ပေါ်က ဆင်းကြတယ် … မင်းကျမှ ယောက်ျားဖြစ်ပြီး အိမ်ပေါ်က ဆင်းရတယ်လို့”

“ဒါကတော့ကွာ … မင်းကလည်း … ဟဲဟဲ”

သူ တမင်တကာ စပ်ဖြဲဖြဲလုပ်ပြလိုက်ရသည်။

“ဒီလိုလုပ်ပါလား … မင်းကို ငါကိုယ်တိုင် အိမ်ပြန်လိုက်ပို့ပေးမယ် … ပြီးတော့ မင်းမိန်းမ သင်းပုံ့လှိုင်ကိုလည်း ပြေလည်အောင် ငါ ကူရှင်းပေးမယ်လေ”

“ဟာ … ဒါတော့ မဖြစ်ဘူးကွ …”

သူအကြောက်အကန် ငြင်းမိသွားတာ မြင်တော့ ခင်ဖွေးက …

“ဘာကို မဖြစ်ရတာလဲကွ”

“ဘာကိုမှ မဟုတ်ပါဘူးကွာ … ဟိုလေ … ငါတို့ လင်မယားကြား မင်းကို ဝင်မပါစေချင်တာပါ”

သူ့ကို မကျေနပ်သလို ခင်ဖွေး ပြန်ကြည့်သည်။

“မင်းကူညီချင်ရင် တစ်ခုတော့ ရှိတယ်”

ခင်ဖွေးက မေးကို ဆတ်ပြသည်။ ‘ပြောစမ်းပါဦး’ ဆိုသည့်သဘော။

“ငါ မင်းနဲ့ ခဏ လိုက်နေလို့ ရမလား … ခဏပါပဲကွာ … ဒီရက်ထဲမှာပဲ … ကိစ္စအားလုံး ပြန်ပြေလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



ငါလုပ်မှာပါ''

ကံကောင်းထောက်မစွာဖြင့် သူ့ဖြစ်တည်မှုတွေကို အသိအမှတ်ပြု လက်ခံပေးသော သူငယ်ချင်း ခင်ဖွေးအနားမှာ သူနေထိုင်ဖို့ လိုအပ်သည်ထင်၏။

''ကျွတ် … ဒါကတော့''

ခင်ဖွေး ခဏ စဉ်းစားနေသည်။

''မင်းပဲ ကူညီချင်တယ်ဆို .. လုပ်ပါကွာ … တစ်ရက်နှစ်ရက်လောက်ပါပဲ … ငါ မင်းကို ထမင်းဖိုး ပြန်ပေးပါ့မယ်''

''ဟာ … ဘာမှ ပေးစရာမလိုပါဘူးကွာ … ငါက တစ်ကိုယ်ရည် တစ်ကာယသမားဆိုတော့ ဖြစ်သလိုပဲလာတာ… မင်းနေမှ နေတတ်ပါ့မလားလို့ တွေးနေလို့ပါကွ''

ခင်ဖွေးစကားကြောင့် သူပျော်ရွှင်သွားသည်။

ရှားရှားပါးပါး သူ့ကို မှတ်မိနေသော သူငယ်ချင်း ခင်ဖွေး၏ အကူအညီကို သည်အချိန်မှမယူလျှင် သူမိုက်မဲရာ ကျသွားလိမ့်မည် မဟုတ်လား။

အတွေးနှင့်အတူ ကျေးဇူးစကားပြောရန် သူဟန်ပြင်လိုက်စဉ် …

''ကဲ … တော်တော့ ဘာမှ ပြောမနေနဲ့တော့ … မင်းရောက်ကတည်းက စကားတွေပဲ ပြောနေတာ …''



ခင်ဖွေး၏ တုန်းတိတိအပြောကြောင့် သူကြောင်အမ်းသွားသည်။

''ငါ ပြောချင်တာက အစားလေးဘာလေးလည်း စားဖို့သတိရဦးလို့ ပြောမလို့ … ရှစ် … ရှစ် … ညီလေးရေ … ဒီဝိုင်းခဏ''

ခင်ဖွေးလှမ်းခေါ်လိုက်တော့မှပဲ ဆီချက်စားရန် သူသတိရမိလိုက်၏။

တော်တော်ချစ်ဖို့ကောင်းတဲ့ ခွေးဖင် … ကဲ … ခင်ဖွေး … အဲ … လူမျိုးသော်။

☐ ☐ ☐

တည်းခိုခန်းသို့ ပြန်ယူရလောက်အောင် ဘာပစ္စည်းမှ မယ်မယ်ရရမကျန်ရှိသောကြောင့် ခင်ဖွေးနှင့် သူတစ်ခါတည်း လိုက်လာခဲ့သည်။

သူက အပြင်ထွက်တိုင်း တည်းခိုခန်း Reception ကနေ မှတ်ပုံတင်တောင်းယူလာတတ်ရာ ခုလိုကိစ္စမျိုးကြုံတော့ အဆင်ပြေသွား၏။

''အဲဒါသာကြည့်တော့ … ကြည်သာဦးရာ … မြင်တဲ့အတိုင်းပဲ … ငါ့အိမ်ရဲ့ အခြေအနေကို''

အိမ်တံခါး ဖွင့်ဖွင့်ချင်း မြင်လိုက်ရသော ဧည့်ခန်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကိုကြည့်ပြီး ခင်မွေးပြောလိုက်တာ ဖြစ်သည်။

"ဘာမှ မဖြစ်ပါဘူးကွာ ... ဒီလောက်တော့ ရှိမှာပေါ့ ... မင်းတစ်ယောက်တည်းနေတာပဲ"

ဧည့်ခန်းထဲမှာက ကွန်ပျူတာပစ္စည်းပေါင်းစုံ ပွစာကျဲနေသည်။

အိကိုနှင့်ကျောင်းပြီးသော်လည်း ခင်မွေး တကယ်တမ်း ဝါသနာပါတာက ကွန်ပျူတာဘာသာရပ်ပဲ ဖြစ်၏။

ထို့ကြောင့် ကုမ္ပဏီတစ်ခုမှာ အရာရှိတစ်ယောက်အဖြစ် ဝင်လုပ်နေပေမယ့် အခြားတစ်ဖက်မှာလည်း ကွန်ပျူတာဘာသာရပ်ဆိုင်ရာ သင်တန်းတွေကို ခင်မွေးဆက်တိုက်တက်သေးသည်။

ခင်မွေး၏ ရည်ရွယ်ချက်ကတော့ တစ်ချိန်ချိန်မှာ ကွန်ပျူတာပညာရှင်တစ်ယောက်အဖြစ် ကမ္ဘာ့ထိပ်သီး နိုင်ငံတစ်ခုဆီ သွားရောက်ရန် ဖြစ်လေသည်။

"စိတ်တော့ မပျက်ပါနဲ့ ... ကြည်သာဦးရာ ... မင်းနေဖို့ နေရာတစ်ခုတော့ ငါ့အိမ်မှာ ရှိပါသေးတယ်"

ခင်မွေးက သူနေထိုင်ရမည့် အခန်းတစ်ခန်း လိုက်ပြပေးသည်။

အခန်းက အနည်းငယ်ကျဉ်းသော်လည်း သူ့အတွက်ကတော့ ရောမအကျယ်ကြီး ခံစားလိုက်ရသည်။

"မင်း ... မင်းကို ငါဘယ်လို ကျေးဇူးတင်ရမှန်းတောင်



မသိ ... မသိတော့ဘူးကွာ"

ကြည်နူးစိတ်နှင့် ဝမ်းနည်းစိတ်နှစ်ခုစလုံး တစ်ပြိုင်တည်းဖြစ်ပေါ်လာကာ သူ့အသံတွေက အဖျားဆတ် တုန်ယင်နေသည်။

"ဟာကွာ ... ဒါတွေ လာပြောမနေပါနဲ့ ကြည်သာဦးရယ် ... ကဲ ... ရေလေးမိုးလေး ချိုးလိုက်ဦး ... ပြီးရင် မင်းဝတ်ဖို့ ငါ့အဝတ်အစားတွေ ပေးမယ် ... မင်း အဝတ်အစားတွေက နံနေပြီ"

"အေး ... အေးပါကွာ"

စကားဆုံးတော့ ခင်မွေးက သူ့ကျောကို တစ်ချက်ပုတ်ပြီး အခန်းထဲက ပြန်ထွက်သွားသည်။

သူတစ်ယောက်တည်း ကျန်ခဲ့စဉ် အခန်းကျဉ်းလေး နံရံပတ်လည်ကို လှည့်ပတ်ကြည့်ရင်း ဆို့နင့်စွာဖြင့် မျက်ရည်ဝဲမိသွား၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ရက်ပေါင်းများစွာ ဂယောင်ချောက်ချားဖြစ်ကာ နာကျင်ခဲ့ရသော သူ့စိတ်နှလုံးသားက သည်နေ့ကျမှ အနည်းငယ် ဖြေသာရာရသွားတော့သည်။

ရေချိုးပြီးသွားချိန်တွင် ခင်ဖွေးပေးသော အဝတ်တစ်စုံကို ဝတ်ဆင်ရင်း သူ့ခန္ဓာကိုယ်က ပေါ့ပါးနေ၏။

ညစာစားရန် စောနေသေးရာ ခင်ဖွေးက အနီးနားရှိ ဘီယာဆိုင်တစ်ဆိုင်သို့ သူ့ကို ခေါ်သွားသည်။

"ခင်ဖွေး … မင်း ဘယ်တော့ မိန်းမယူမှာလဲ"

"မစဉ်းစားနိုင်သေးပါဘူးကွာ"

ဘီယာသောက်ရင်း စကားပြောတော့ ခင်ဖွေးလူပျိုကြီးဖြစ်



ရခြင်းအကြောင်းဆီ ရောက်သွားသည်။

"မင်းအသက်က ငယ်တော့တာမှ မဟုတ်လား … စဉ်းစားသင့်ပြီနော်"

သူ့ပြောစကားကြားတော့ ခင်ဖွေးက …

"ဟော့ကောင် … ကြည့်သာဦး … ငါသာ မိန်းမယူရင် ခုလို မင်းဒုက္ခရောက်တာကို ဘယ်ကူညီနိုင်တော့မှာလဲ … ပြောစမ်းပါဦး"

သူက ခေါင်းကို အသာခါပြရင်း …

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ … ခင်ဖွေးရ"

"အဲဒီလို မဟုတ်ရင်လည်း … မင်းလိုမျိုး မိန်းမနဲ့ ရန်ဖြစ်ပြီး အိမ်ပေါ်ကနေ ငါဆင်းပြေးနေရပါဦးမယ်ကွာ … ဟား … ဟား … ဟား"

ပြောနေရင်း ခင်ဖွေးက သူ့ဘာသာသူ သဘောကျသွားပြီး တဟားဟားရယ်သည်။

ခင်ဖွေးကို ကြည့်ကာ သူ့ဘာမှ ဆက်မပြောဖြစ်တော့။

**တကယ်တမ်း မိန်းမနှင့် ရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းပြေးလာတာ မဟုတ်ဘဲ ပုံမှန်မဟုတ်သော ဖြစ်ရပ်စက်ကွင်းတစ်ခုထဲ သူကျရောက်နေမှန်းသာ ခင်ဖွေးသိလျှင် ခုလို တဟားဟားအော် ဟစ်ရယ်မောနိုင်တော့လိမ့်မည် မထင်။**

စောစောပိုင်းတုန်းကတော့ သူကြုံတွေ့ခဲ့ရသမျှ ဖြစ်ရပ်အား

www.burmeseclassic.com

www.burmeseclassic.com



လုံး ခင်မွေးကို ဖွင့်ဟတိုင်ပင်ပြောပြရန် သူစိတ်ကူးခဲ့သေးသည်။

သို့ရာတွင် ကြိုတင်မျှော်လင့်မထားသော အဖြစ်အပျက်များ ကြုံလာရမည်စိုးသောကြောင့် ခင်မွေးကို သူဘာမှ ဖွင့်မပြောဖြစ်သေး။

တစ်ချိန်ချိန်မှာတော့ ပြောဖြစ်ပါလိမ့်မည်။

ထိုတစ်ချိန်ချိန်ရောက်ဖို့ကလည်း အချိန်ယူရလိမ့်ဦးမည်။

❐ ❐ ❐

သူတစ်ရေးနိုးလာတော့ ညသည် အေးခဲတိတ်ဆိတ်နေသည်။

ညနေက ခင်မွေးနှင့် ဘီယာဆိုင်ထိုင်တာ အတော်ကြာသွားပြီး အတော်လည်း သူမူးရစ်သွားခဲ့ရသည်။

ညနေစာကိုတောင် ကောင်းကောင်းမစားဖြစ်ဘဲ အိပ်ယာထဲ တန်းဝင်ခဲ့တာ ပြန်သတိရမိလိုက်၏။

"အား ... ကျွတ် ... ကျွတ်"

ကိုယ်တစ်ပိုင်းထထိုင်ရန် ကြိုးစားလိုက်စဉ် သူ့ခေါင်းထဲ မိုက်ခနဲ တစ်ချက်ဖြစ်သွားသည်။

နည်းနည်းများသွားလို့ပဲ ဖြစ်မည်။

တစ်ဆက်တည်းမှာပဲ ပူလောင်သွေ့ခြောက်နေသော သူ့လည်ချောင်းက ရေသောက်ချင်လာသည်။ မထူးတော့ပြီမို့ အခန်းတံခါးကို



အသာဆွဲဖွင့်ကာ သူအပြင်ဘက် ထွက်လာခဲ့လိုက်သည်။

ဧည့်ခန်းတစ်နေရာရှိ ညအိပ်မီးရောင် မှိန်မှိန်လေးကြောင့် အိမ်ထဲ၌ ထင်သလောက် မဲမှောင်မနေချေ။

သူက ခြေလှမ်းကို တိုးတိုးဖွဖွနှင်းရင်း ရေခဲသေတ္တာရှိရာဆီ လှမ်းလာခဲ့သည်။

အမြဲတစေ နေထိုင်သွားလာနေကျ နေရာတစ်ခုမဟုတ်သဖြင့် အိမ်အတွင်းပိုင်း အခင်းအကျင်းများက သူ့အတွက် အစိမ်းသက်သက်လို ဖြစ်နေသည်။

"အေး ... ဟုတ်တယ် ... အခု အိပ်နေတယ်"

ရုတ်တရက် ကြားလိုက်ရသော စကားသံသဲ့သဲ့ကြောင့် လှမ်းလက်စ သူ့ခြေလှမ်းများ အလိုလိုရပ်တန့်သွား၏။

"အဲဒါ ... ငါသိတယ် ... ဒါပေမယ့် သိပ်တော့ မစိုးရိမ်နဲ့ ... ဒီကောင်က ယဉ်ယဉ်လေးမှ တကယ့်ကို ယဉ်ယဉ်လေးကွ"

အသံက သူ့မျက်နှာမူရာ မီးဖိုခန်းထဲမှ ထွက်လာနေခြင်းပင်။

"အံမယ် ... ကိုယ့်ဆရာက ခေသူမဟုတ်ဘူးဘဲ ... တို့မိတ်ဆွေလက်ဖက်ရည်ဆိုင်က ဆီချက်စားကောင်းတာလည်း သိတယ်ဗျာ"

အသံထွက်ပေါ်ရာဆီ သူတရွေ့ရွေ့ တိုးကပ်သွားမိသည်။

"ဒါလား ... ဘာမှ မခက်ပါဘူးကွာ ... သူ့ဖြစ်စေချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ဆက်ဆံပေးလိုက်ရုံပါပဲ"

အသံနှင့် အနီးစပ်ဆုံး ထောင့်ချိုးတစ်ခုသို့ သူရောက်လာသည်။

"အေးပေါ့ ... ဒါပဲပေါ့ ... သူကိုယ်သူ ကြည်သာဦး ဆိုတော့လည်း ... ငါက လိုက်ပြီး ကြည်သာဦးရတာပေါ့ ... ဒါပေမယ့် နာမည်ကသာ မင်းနဲ့မတူတာ ... ကျန်တာ အားလုံးတော့ မင်းနဲ့ ချွတ်စွတ်နီးပါးပဲ ကျော်နိုင်ဦးရေ"

ထောင့်ချိုး၏ တစ်ဖက်သို့ သူကူးဖြတ်လိုက်စဥ်မှာပဲ အသံပိုင်ရှင်ကို ဘွားခနဲ တွေးလိုက်ရတော့သည်။

◈ ◈ ◈ ◈

ညက ဝလင်အောင် အိပ်စက်ခဲ့ရသည့်အပြင် မနက်ပိုင်း ချိုးလိုက်သော ရေကြောင့်လည်း လတ်တလော သူ့ကိုယ်ခန္ဓာက ကြည်လင်ပေါ့ပါးနေတာ ဖြစ်နိုင်သည်။

မနက်စာစားရန် မနေ့ညနေက သွားထိုင်ခဲ့သော ဘီယာဆိုင်နှင့် မလှမ်းမကမ်းမှ စားသောက်ဆိုင်တစ်ခုဆီ သူ့ကို ခင်ဖွေးက ဦးဆောင်ခေါ်သွား၏။

စကားတပြောပြောဖြင့် သူနှင့်ခင်ဖွေး နှစ်ယောက်သား စားသောက်ဆိုင်ဆီ လမ်းလျှောက်သွားကြသည်။

"ဒီမယ် ... ကြည်သာဦး ... အစွရေးနဲ့ပါလက်စတိုင်း



မှာ ဘယ်ဘက်က မှန်တယ်လို့ မင်းထင်သလဲ"

"ဒါကတော့ကွာ ... ဘယ်သူမဆို မိခင်နိုင်ငံ ... မိခင်ဘာသာစကားဆိုတာ လိုအပ်တယ်မဟုတ်လား ..."

ခင်ဖွေးက သူ့စကားကို စိတ်ဝင်စားဟန်ဖြင့် ...

"အဲဒီတော့ ..."

"အဲဒီတော့ ... ဘယ်ဘက်က မှန်တယ် ... ဘယ်ဖက်က မှားတယ်လို့ တရားသေဆုံးဖြတ်လို့တော့ မလွယ်ဘူးကွ"

သူ့အဖြေကြောင့် ခင်ဖွေးစိတ်ရှုပ်သွားပြီး ...

"အဲဒါဆို ဒီအတိုင်းပဲ အဖြေမရှိတော့ဘူးလား"

"အဖြေကတော့ ရှိပါတယ်"

ခင်ဖွေး စိတ်ဝင်စားသွားပြန်သည်။

"ဘာအဖြေလဲ"

"ဘယ်သူက အဲဒီမြေကို ပိုလိုအပ်သလဲဆိုတာ အဖြေပဲ"

သည်တစ်ခါတော့ ခင်ဖွေးဘာမှ ဆက်မမေးတော့ဘဲ တွေးတွေးဆဆဖြစ်ကာ ငြိမ်ဆိတ်သွား၏။

သူကလည်း ခင်ဖွေး၏ အခြေအနေကို ကြည့်လျက် ပြန်ငြိမ်သက်နေလိုက်သည်။

မနေ့ညက သူ့အကြောင်းကို ကျော်နိုင်ဦးဆီ ခင်ဖွေးမှန်းခိုး ဆက်၍ ပြောနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရေးနိုးရေသောက်ရန် ရေခဲသေတ္တာဆီ သူရောက်သွားတော့ တိုက်တိုက်ဆိုင်ဆိုင် ခင်ဖွေးကလည်း ရေခဲသေတ္တာကို ဖွင့်လျက် တစ်ခုခုကို ထုတ်ယူရင်း ဖုန်းပြောနေတာ ဖြစ်၏။

သူနှင့်ခင်ဖွေးကြားထဲ ရေခဲသေတ္တာတံခါးကကွယ်ကာ ထားသလို ဖြစ်နေ၍သာ သူ့ကို ခင်ဖွေးမမြင် တွေ့ခဲ့ရခြင်း ဖြစ်သည်။

သူ ကံကောင်းသွားခဲ့သည်ဟု ဆိုရမည်။

ခင်ဖွေးနှင့် ကျော်နိုင်ဦးတို့၏ သူ့အပေါ် ရည်ရွယ်ကြံစည်သမျှကို ကြိုတင်သိခွင့်ရခဲ့သည်။ အစီအစဉ်အရ စားသောက်ဆိုင်၌ မနက်စာစားပြီးလျှင် ခင်ဖွေးက အကြောင်းပြချက်တစ်ခုပေးပြီး သူ့ကို နေရာတစ်နေရာဆီ ခေါ်သွားလိမ့်မည်။

တကယ်တမ်း ထိုနေရာသို့ရောက်လျှင် ကျော်နိုင်ဦးနှင့် သင်းပုံ့လှိုင်အပါအဝင် လူအတော်များများက သူ့ကို စောင့်ကြိုနေပေလိမ့်မည်။

**ထိုနေရာသည် သူ့ဘဝ၏ လက်ကျန်မျှော်လင့်ချက်များကို ချိုးဖျက်မြှုဝါးပစ်မည့် တစ္ဆေတစ်ကောင် အသင့်ရှိနေရာ နေရာပင်။**

"ကဲပါ ... အစ္စရေးနဲ့ ပါလက်စတိုင်းကိစ္စတော့ ထားလိုက် ပါ ... မန်ယူဘောလုံးအသင်းကရော ... ဒီနှစ် ပရီးမီး ယားလိဒ်မှာ ဗိုလ်စွဲနိုင်မလား"

"အင်း ... လက်ရှိရပ်တည်မှုအရတော့ ... ဒီကောင်တွေ ပါးနပ်ဖို့ လိုတယ်ကွ"



သူ့စကားကြောင့် ခင်ဖွေးက ခေါင်းညိတ်သည်။

သူလည်း ခေါင်းညိတ်လိုက်သည်။

ဟုတ်သည်။ မနက်စာ စားပြီးလျှင် ခင်ဖွေးဆိုသောကောင်ကို ပါးပါးနပ်နပ်နှင့် စားသောက်ဆိုင်မှာ ထားရစ်ခဲ့ဖို့ သူကြိုးစားရလိမ့်မည်။

ဒါသည်ပင် လောလောဆယ် သူ့အတွက် ဗိုလ်လုပွဲဖြစ်ပေလိမ့်မည်။

❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

သူ နောက်သို့ တစ်ချက်ပြန်လှည့်ကြည့်လိုက်သည်။

စားသောက်ဆိုင်က ခပ်လှမ်းလှမ်းမှာ တဖြည်းဖြည်းဝေးပြီး ကျန်ရစ်ခဲ့သည်။

ခင်ဖွေးတစ်ယောက်တော့ ထိုစားသောက်ဆိုင်ထဲမှာ သူပြန်အလာကို စောင့်ရင်း ကျန်ရစ်ခဲ့လေပြီ။

မနက်ဖြန်မှသွားနေခဲ့တာနဲ့လန်းကြီး ဗိုက်နာသည်ဟု အကြောင်းပြကာ စားသောက်ဆိုင်နောက်ဖေးပေါက်မှ သူလစ်ထွက်ခဲ့ခြင်းပင်။

"တက္ကစီ"

သူ တက္ကစီတစ်စီးကို လက်ပြထားလိုက်၏။



"ကျွီ"

သူ့အလျှင်စလို ဆွဲဖွင့်တက်လိုက်ပြီးနောက် ဂျိုင်းခနဲ မြည်အောင် တံခါးကို ဆောင့်ပိတ်လိုက်သည်။

"ဦးလေးရေ ... ဒီနေရာကနေ ခပ်ဝေးဝေးတစ်နေရာကို သာ အမြန်မောင်းပေးဗျာ ... နောက်မှပဲ သွားရမယ့်နေရာ ပြောပြမယ်"

တက္ကစီက ချက်ချင်းပင် နေရာမှ ဝေါခနဲ အပြင်းမောင်းထွက်လိုက်ရာ သူ့ခန္ဓာကိုယ်တောင် နောက်ဖက်ထိုးယိုင်သွား၏။

"ဒီမနက်ကျမှ ဘယ်လိုဖြစ်တယ်မသိဘူး ... ကားငှားသမျှ လူအားလုံး အလောတကြီးတွေချည်းပဲ"

ကားဆရာဦးလေးကြီးပြောသော စကားများကို သူ စိတ်မဝင်စားနိုင်အားချေ။

သူစိတ်ဝင်စားတာက လောလောဆယ် ဘယ်ကိုသွားရကောင်းမလဲဆိုသည့် ကိစ္စပဲ ဖြစ်သည်။

"အလောတကြီးနိုင်တာမှ ... လက်လန်တယ် ... ကားပေါ်ရောက်တာနဲ့ မောင်းရမယ့်နေရာ တန်းမပြောကြဘဲ ... မြန်မြန်မောင်း ... ဝေးဝေးမောင်းဆိုတာချည်းပဲ"

ကားဆရာဦးလေးကြီးက ကားမောင်းမြန်သလောက် စကားကလည်း များသည်။

"ပြီးတော့ အဲဒီလူတွေအားလုံးတစ်မျိုးပဲ ... အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နဲ့ …”

ပြောရင်း နောက်ကြည့်မှန်ကနေတဆင့် ကားဆရာ ဦးလေးကြီးက သူ့ကို အကဲခတ်သလို လှမ်းကြည့်ကာ …

“ကဲ … ခုပြောလို့ ရပြီလား … ဘယ်နေရာကို မောင်းပေးရမလဲ”

သူ ဇဝေဇဝါဖြစ်နေဆဲ …

ကားဆရာက ခေါင်းကိုခါကာ ကားဆက်မောင်းသည်။

သူ့ကိုလည်း နောက်ထပ် အူကြောင်ကြောင်တစ်ကောင်လို့ ထင်သွားပုံရသည်။

ထင်လက်စနှင့် ထင်ပစေတော့ဟု ဆုံးဖြတ်ကာ နေရာတစ်ခုသို့ မောင်းရန် သူပြောလိုက်၏။

“ဟိုလေ … ဦးလေးသိတဲ့ အနီးဆုံး အပေါင်ဆိုင် တစ်ဆိုင်ဆိုင်ကိုသာ မောင်းမှာ … ကျွန်တော့်မှာ တက္ကစီခ လွဲရင် သုံးစရာငွေပြတ်သွားလို့”

◈ ◈ ◈ ◈

အနီးအပါးဝန်းကျင်ရှိ ဈေးဆိုင်များကို သူလှည့်ပတ်ကြည့်ရှုသော်လည်း တယ်လီဖုန်းတစ်လုံးမှ မတွေ့ချေ။

တကယ်တမ်း သည်ခေတ်ကြီးထဲမှာ တယ်လီဖုန်းတစ်လုံးကို နေရာအနှံ့မှာ အလွယ်တကူရှာတွေ့နိုင်မှန်း သူသိပါသည်။

BURMESE CLASSIC .com



သို့ရာတွင် သူမကျွမ်းကျင်သော နေရာဒေသတစ်ခု၌ အရာရာသည် ထင်သလောက် မလွယ်ကူ။

လမ်းအတိုင်း ရှေ့ဆက်လျှောက်ရင်း ဖုန်းဆိုင်တစ်ဆိုင်တွေ့လိုတွေ့ငြား သူလိုက်လံရှာဖွေနေမိသည်။

“ဟော”

အများဆုံး တယ်လီဖုန်းဆိုင်တစ်ဆိုင်ဟု ထင်ရသော ခပ်လှမ်းလှမ်းမှ တစ်နေရာကို သူမြင်သွားသည်။

သူပျော်သွား၏။

ထင်သည့်အတိုင်း အများဆုံးတယ်လီဖုန်းဆိုင်တစ်ဆိုင်ပင်။

“ဖုန်းဆက်မယ်နော်”

“ဆက်ပါ”

သူက မှတ်မိနေသော နံပါတ်တစ်ခုကို နှိပ်လိုက်၏။

“ဟဲလို… ပြောပါခင်ဗျာ”

“ဟဲလို…ကို ဇော်ဟန်ပါ”

“ဟုတ်ပါတယ်…ကိုဇော်ဟန်ပါ”

“ဟို…အိမ်ပွဲစားကိုဇော်ဟန်ကို ပြောတာနော်”

“ဪ…ဟုတ်ပါတယ်…အိမ်ပွဲစား ကိုဇော်ဟန်ပါပဲဗျာ”

◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံပေါ်မှ သူ့ပုံစံကို သက်တောင့်သက်သာဖြစ်အောင် အနေအထားပြောင်းထိုင်လိုက်ရင်း လက်ပတ်နာရီကို ပင့်မြှောက်ကြည့်မိလိုက်သည်။

နေ့လည် ဆယ့်နှစ်နာရီခွဲ (၁၂း၃၀)

အိမ်ပွဲစားကိုဇော်ဟန်နှင့်က တစ်နာရီခွဲ (၁း၃၀) မှာ ချိန်းထားသောကြောင့် တော်တော်တော့ ရောက်လာဦးမည်မဟုတ်။

ရောက်လာလျှင်လည်း ငတိက သူ့ကို မှတ်မိတော့မှာ မဟုတ်တာ သေချာသည်။

မနေ့ညကရော မနက်ကရော ဘာမှ ဟုတ်တိပတ်တိ မစားရသေးသဖြင့် ထမင်းတစ်ပွဲကို ဟင်းစုံစုံလင်လင်မှာ စားပစ်လိုက်ရာ ခုတော့ သူနေသာထိုင်သာ ရှိသွားခဲ့လေပြီ။

ထမင်းစားပြီးသွားတော့ လက်ဖက်ရည်တစ်ခွက်မှာ သောက်ရင်း အိမ်ပွဲစားကိုဇော်ဟန်ကို အေးအေးလူလူပင် သူထိုင်စောင့်နေလိုက်သည်။

ကိုဇော်ဟန်နှင့်တွေ့လျှင် အိမ်တစ်လုံးအလျင်အမြန် ငှားရမ်းနေထိုင်ခွင့်ရအောင် သူကြိုးစားရမည်။

ဟိုအရင် ကိုဇော်ဟန်ပေးခဲ့သော အိမ်ခြံဓာတ်ပုံများ စုစည်းထားသည့် အယ်လ်ဘမ်လေးတော့ သူ့မှာ မရှိတော့ချေ။

ခင်ဖွေးအိမ်မှာ ကျန်ရစ်ခဲ့လေပြီ။

အယ်လ်ဘမ်လေးသာမကဘဲ သူ့ရုံးသုံးအိတ်ကလေးနှင့်



စာရွက်စာတမ်းများပါ ကျန်ခဲ့ခြင်းဖြစ်၏။

လတ်တလော ရုံးသုံးလက်ဆွဲအိတ်လေးအစား သူ့ဆီမှာ ရှိနေတာက အနက်ရောင်စက္ကူအိတ်တစ်လုံး။

လိုင်စင်ရအပေါင်ဆိုင်တစ်ခုမှာ ပေါင်နှံခဲ့သော သူ့ရွှေဆွဲကြိုးမှ ရရှိသည့်ငွေအားလုံးကို စောစောက အနက်ရောင်စက္ကူအိတ်ထဲ သူထည့်ထားခဲ့သည်။

သူက လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက်လိုက်ပြီး စားသောက်ဆိုင်အမြင့်တစ်နေရာမှ တယ်လီဗီးရှင်းဆီ အကြည့်ရောက်မိသွားသည်။

တယ်လီဗီးရှင်းမှာ အရေးပေါ် ထူးခြားဖြစ်စဉ်တစ်ရပ်ကို သတင်းအဖြစ်လွှင့်နေရာ သူစိတ်ဝင်စားသွား၏။

ယခုအခါ အဆိုပါအတုအယောင်လူသားများ၏ အရေအတွက်သည် တဖြည်းဖြည်းမြင့်တက်များပြားလာနေပါတယ်ရှင်

သည်သတင်းကို သူ့လိုပင် စားသောက်ဆိုင်တစ်ခုလုံး စိတ်ဝင် တစား စောင့်ကြည့်နားထောင်နေကြတာကို သူသတိထားမိလိုက်သည်။

ဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး မြို့တော်ဝန်က ပြောကြားရာမှာ လွန်ခဲ့သော ရက်သတ္တတစ်ပတ်ခန့်က မြို့စွန်၌ တွေ့ရှိရသော သံသယဖြစ်ဖွယ် အမျိုးအမည်မသိ ယာဉ်ပျံပေါ်လိုက်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



သည့် တခြားကမ္ဘာမှ ဂြိုဟ်သားများ၏ လက်ချက်ဖြစ်နိုင်ကြောင်း

စိတ်ဝင်စားမှုကြောင့် သူမတ်တပ်ရပ်လျက်သား ဖြစ်သွားပြီး တယ်လီဗွီးရှင်းနားသို့ တစ်လှမ်းချင်းတိုးကပ်မိသွားသည်။

တချို့ကလည်း ဤစကြဝဠာနှင့်အပြိုင်အခြားစကြဝဠာများတွင် နေထိုင်သော ကိုယ်ပွားများရောက်ရှိလာခြင်းကြောင့်ဖြစ်ကြောင်း

တယ်လီဗွီးရှင်းနှင့် အနီးစပ်ဆုံးနေရာ၌ သူရပ်လျက်သားပေါ့။

တချို့ကလည်း ထူးဆန်းသည့် မှတ်ဉာဏ်ဆိုင်ရာရောဂါပိုး တစ်မျိုးကြောင့် ဖြစ်နိုင်ကြောင်း ဒါပေမယ့်လည်း လတ်တလောအချိန်ထိတော့ အကြောင်းရင်းမှန်ကို ဆက်လက်စုံစမ်းနေဆဲဖြစ်ပြီး မိမိအနီးအပါး၌ အတုအယောင်လူသားတစ်ဦးတစ်ယောက်အား တွေ့ရှိခဲ့ပါက အလိုက်အထိုက်ဆက်ဆံပေးကာ ထိန်းသိမ်းရေးဌာနသို့ အကြောင်းကြားပေးစေလိုကြောင်း စသဖြင့် ပြောကြားခဲ့ပါတယ်ရှင်

အထိတ်အထိတ်အလန့်လန့်နှင့် ဘာကိုမှ နားမလည်နိုင်လောက်အောင်ဖြစ်ကာ စကားတစ်ခွန်းကို သူခပ်တိုးတိုး ရေရွတ်ဖြစ်သွား၏။

"မ .. မ... မဖြစ် ... မဖြစ်နိုင်ဘူး"

❖ ❖ ❖



အိမ်အပြင်ထွက်ရန် တံခါးပေါက်ကို ဖွင့်လိုက်သောအခါ လမ်းမပေါ်တွင် မိမိကိုယ်ကို ပျောက်ဆုံးနေသောလူများ ဥဒဟို လှုပ်ရှားသွားလာနေကြခြင်းကို အတိုင်းသားတွေ့မြင်ရလေသည်။

မျှားသူ

၁၆.၂-၂၀၁၁

2:37 PM

www.burmeseclassic.com